သက်ဒီပစာအုပ်တိုက်

# ချစ်ဦးညို

# ကသောလက် နှင့် ရက်စက်သောမျက်နှာ



ဒုတိယအကြိမ်

အရှေ့ဆီသို့ လှမ်းမျှော်ကြည့်လိုက်သောအခါ …

သပြေသီးမှ ညှိုရောင် မိုးကောင်းကင်ကို နောက်ခံပြုလျက် ရွှေနန်းတော်၏ စုလစ်မွန်းချွန်များကို မည်းမှောင်စွာ တွေ့လိုက်ရလေသည် ။

နေ့၏ နေရောင်၌ ဖြစ်စေ၊ ညဥ့်၏ လရောင်၌ ဖြစ်စေ အမြဲတစေ ကျက်သရေ ရှိခဲ့ပေသော ရွှေနန်းတော်၏ စုလစ်မွန်းချွန်၊ ပန်းကနုတ်၊ ပြဿာဒ်ထိပ်ဖျားတို့ သည် ယခုအခါတွင် ကား အရုပ်ဆိုးအကျည်းတန်ဘိခြင်း။

ရွှေမြို့တော်၏ အထက်ကောင်းကင်သို့ ချွန်မြစွာ ထိုးယှက်ငွားစွင့်ခဲ့သော ဤပြဿာဒ်တို့ သည် ယခုအခါ သုသာန် တစပြင်ထက်ရှိ ရိုးတံကျဲကျဲ သစ်ပင်ခြောက်မှ အကိုင်းအခက်များ နှင့် တူသေးတော့သည် ။ သည့်ထက်ပို၍ တွေးကြံစတမ်းဆိုလျှင်ကား …

–လူသေရဲ့ လက်ဖျံရိုးလို အို … ငါ့အတွေးတွေ မဟုတ်သေးပါဘူးလေ—

ရင်ထဲမှ နာကျင်သော အတွေးစတို့ ကြောင့် ဦးကျော်ဒွေးဓားလွယ်ရိုးကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်လိုက်မိသည် ။ ဓားရိုး၏ အေးမြသော အထိအတွေ့ကို သိမှတ်ခံစားနေမိသည် ။ ထို့နောက် ဓားရိုးမှ လက်ကိုခွာလျက် ချွေးစေးများ ပျံ့နေသော မျက်နှာကို လက်ဖြင့် သုတ်လိုက်သည် ။

လက်ဖဝါး၏ ကြမ်းတမ်းသော အထိအတွေ့ကို ပါးပြင်တွင် ခံစားရ

သည် ။

ဤလက်တို့ ၏ ကြမ်းတမ်းသော လက်ဖဝါးတို့ သည် လူသတ်လက်နက်ကို စွဲကိုင်ခဲ့ဖူးသည် မဟုတ်။

ဤလက်ကို ကြိမ်ဖန်များ စွာ ထိတွေ့ခဲ့ရသည် မှာ နွားသားရေကြိုး၊ နွားသွားရေပြင်။ ထို့နောက် မန်ကျည်းပြား၊ ညောင်ပြာနှင့် ထမင်းကို ရောနှော ကြိတ်နယ်ထားသော "ပတ်စာ"။

ဤလက်ဖဝါးစာတို့ အခါများ စွာ ထိတွေ့ခဲ့ရသည် ကား "ပတ်လုံးစုံ" ကလေးများ ၏ မျက်နှာပြင်သာ ဖြစ်သည် ။

"နေမျိုးဟာသခေါင်" ဘွဲ့ရ ဆိုင်းဆရာ ရွာစားကြီးအဖြစ် ရွှေနန်းတော် အနောက်ဘက် ပွဲကြည့်ဆောင်ဝယ် သာယာသော ဂီတသံစဉ်တို့ဖြင့် ဖန်ဆင်းခဲ့သည့် လက်တို့ သည် ယခုအခါ ဓားရိုးကို ဆုပ်ကိုင်နေရပြီ ။

သိုင်း၊ ကျိုင်း၊ တံခွန်၊ အလံ များကို ဝဲယာပတ်လည် ခြံရံလျက် ငွေစလွယ်ကို လက်ယာပခုံးတွင် ရစ်သိုင်းလျက် "နေမျိုးဟာသခေါင်" ဘွဲ့ စာတမ်း ရေးထိုးထားသည့် နဖူးစည်း ရွှေပြားကို နဖူးထက်တွင် ဆင်ယင်လျက် ဝိုင်းတော်တီး တပည့်လက်သားများ အလယ်တွင် ခေါင်းပေါင်းစကို ငဲ့ကာ လည်ကိုစွင့်ကာ ဟန်ပါပါဖြင့် ဆိုင်းတီးခဲ့ရသော အတိတ်ကာလများကို ဦးကျော်ဒွေး ဆွတ်ပျံ့စွာ တွေးမိသည် ။

သြော် ... အတိတ်ကာလကား လှပပြိုးပြက်ခဲ့ပေသည် ။

–ဦးရီးရဲ့ ပညာကို ခမည်းတော် ရွှေနားပေါက်ကြားအောင် ကျုပ် ကူညီပေးပါ့မယ်။ ဒီလို ဆိုင်းဆရာကြီးဟာ မြို့စွန်ရပ်ဖျား ဇနပုဒ်မှာ တိမ်မြုပ်မနေသင့်ဘူး၊ အတွင်းတော်တီးသာ ဖြစ်တယ်၊ ပြီးတော့ ဟောဒီ

က မမကလဲ ဦးရီးနဲ့ တွဲပြီး ရွှေနန်းတော် ပွဲကြည့်ဆောင်မှာ တေးဆိုပေါ့၊ ဦးရီးတို့ နှစ်ယောက်စလုံးကို ရွှေနန်းတော်က ချီးမြှောက်မှာ သေချာပါတယ်—

မင်းတုန်းမင်းနှင့် လင်းပန်းမိဖုရားတို့ ဖွားသော ကျပင်းမင်းသားနှင့် သရစိမ်း မိဖုရားတို့ ၏ ကျေးဇူးဖြင့် ဦးကျော်ဒွေး ရွှေနန်းတော်သို့ ရောက်ခဲ့သည် ။ ငယ်ရွယ်သော ဇနီးသည် မဖွားမယ်သည် ဆိုင်းတော်၏ တေးဆိုကျော်၊ မိမိသည် လည်း အကွင်းတော်၏ လက်ယာဆိုင်းတီး ရွှေမြို့တော်တောင်ဘက်ဒေသ သီရိဇလရွာကို စားရသည့် ရွာစား။ ထို့နောက် "နေမျိုးကျော်စွာခေါင်" ဟူသော ရွှေပြားခတ် နဖူးစည်းဘွဲ့ဖြင့် ...

ကျေးဇူးရှင်အရင်းဖြစ်ပေသော ကျပင်းမင်းသားသည် ဘုရင့်သားတော် ဆိုစေကာမူ စိတ်နှလုံး နူးညံ့သိမ်မွေ့သူ၊ သဘင်ဂီတ ဝါသနာထုံသူ ဖြစ်သည် ။ ကျပင်းမင်းသားသည် ရွှေနန်းတော်တွင်း ဘယ်လောက်ထိ တန်ခိုးအာဏာ ထိရောက်သည် ကိုတော့ ဦးကျော်ဒွေး မသိ။ သို့သော် အရှင်မင်းတရားကြီး လိုလားမြတ်နိုးသည့် မင်းသားတစ်ပါးတော့ ဖြစ်မည်ဟု ဦးကျော်ဒွေး ထင်သည် ။ ထို့ကြောင့်ပင် ကျပင်းမင်းသားကို အကြောင်းပြု၍ မိမိ တစ်ခါမှ မမျှော်မှန်းဖူးသော "လက်ျာဆိုင်းတော်တီး " ဘဝကို ရရှိခဲ့ခြင်း ဖြစ်သည် ဟု ဦးကျော်ဒွေး တွက်မိသည် ။

အရှင်မင်းတရားကြီး အနိစ္စရောက်ပြီးနောက် သီပေါမင်း နန်းတက်သော အခါတွင် လည်း ဦးကျော်ဒွေး၏ အရိုက်အရာတို့ သည် တစ်စုံတစ်ရာ ယိုယွင်းသွားခဲ့ခြင်း မရှိ။

သို့သော် ကျပင်းမင်းသားနှင့်တော့ အရင်ကလို ရွှေနန်းတော်အတွင်း မကြာခဏ မဆုံဖြစ်တော့ပေ။ ပွဲကြည့်ဆောင်တွင် ကျင်းပသော ညဥ့်သ

ဘင်တွင် လည်း ယခင်ကလို မကြာခဏ တီးခွင့်မရတော့ပေ။ သို့တိုင် အောင်ပင် ဆိုင်းတော်တီး ရွာစားတစ်ယောက်၏ စည်းစိမ်အရိုက်အရာ သည် မင်းတုန်းမင်း ရှိစဉ်ကအတိုင်း မပျက်မယွင်း ရှိခဲ့လေသည် ။

သီရိဇလရပ်ကွက်အတွင်းရှိ မိမိ၏ နေအိမ် ခြံဝိုင်းတွင် အရင်ကလိုပ င် တပည့်လက်သားတို့ နှင့် စိုပြည်နေခဲ့သည် ။ နံနက်ပိုင်းတွင် စောင်းနှ င့် ပတ္တလား၊ နေ့လယ်ပိုင်းတွင် ဆိုင်းနှင့်နဲ၊ ညနေပိုင်းတွင် အဆို။ သူ့အချိန်နှင့်သူ ပိုင်းခြားသတ်မှတ်လျက် အရပ်လေးမျက်နှာမှ တပည့်များကို ပညာသင်ပေးခဲ့သည် ။ ရွှေနန်းတော်က အခေါ်တော်ရှိသ ည့်အခါ အတော်ဆုံး တပည့်များကို စုရုံးလျက် ပွဲကြည့်ဆောင်တွင် "စိန် ဆိုင်း" ခင်းလျက် အမှုတော်ကို ထမ်းရွက် ဖျော်ဖြေခဲ့သည် ။

မိမိထက် ဆယ်နှစ်ခန့် ငယ်သော ဇနီးသည် မဖွားမယ်က အဆို။ မိမိ စောင်းကောက်ဖြင့်။

"သပြေညာပေါင် ×× ပရမေသာခေါင် ×× ခုနစ်ခွေ ရေတောင်ညွှန့် ×× အောင်မြေကျွန်း"

ဟူသော ဘုန်းတော်ဘွဲ့ ပတ်ပျိုးကလေးသည် ရွှေနန်းတော်ထွက် မ င်းညီမင်းသား မိဖုရား မောင်းမတို့ အများ ဆုံး ပွဲတောင်းခိုင်းစေသော သီချင်း။

ပွဲကြည့်ဆောင်၏ ရွှေပိန်းချ ဆိုင်းလုံးကြီးများ ဘေးတွင် လင်းလက် သော ဆီမီးများ ၊ ဖန်ပန်းဆိုင်း၊ ပန်းဆွဲများ ၊ ကိုယ်ဝတ်ပဝါများ ၊ နန်း တော်သားတို့ ၏ ပြိုးပြက်ဝင်းထိန်သော ရွှေခြည်ခေါင်းပေါင်းစများ ။

ပွဲကြည့်ဆောင်တစ်ခုလုံး အမွှေးနံ့သာနံ့တို့ ဖြင့် ထုံမွှမ်းနေသည် ။

ပြင်သစ်ရေမွှေးကို နန်းတော်သူတို့ နှစ်နှစ်ခြိုက်ခြိုက် အသုံးပြုကြသ

ည် ။

နန်းတော်သားတို့ ကား အင်္ဂလိပ်တို့ မှ လက်ဆောင်ရသည့် ဗျစ်ရည်နီညိုများကို တောက်ပြောင်သော ရွှေခွက်တွင်းသို့ငှဲ့ကာ ယင်းမှ တစ်ဆင့် ပါးစပ်တွင်းသို့ လောင်းထည့်ကြသည် ။

တံခွန်အလံများ လွှင့်ထားသော ဆိုင်းဝိုင်းတော်မှ ဖန်ချောင်းပန်းဆွဲများ သည် လည်း ပတ်လုံးများ ၏ လှုပ်ရှားမှုကြောင့် တုန်ခါယိမ်းယိုင်လျက် တချွင်ချွင် မြည်နေကြသည် ။ ကြေးဝိုင်းတွင်းမှ ပတ်တီးလက်ထောက် မောင်ကြင်၏ ပန်းရောင် ခေါင်းပေါင်းစသည် ခေါင်းငှဲ့တိုင်း လွန့်လူးလှုပ်ခါနေသည် ။

ပတ်မနှင့် ယက္ကွင်းသံသည် တခြိမ့်ခြိမ့် ဟီးဟီးထလျက်။

ဦးကျော်ဒွေး မျက်စိအစုံကို တင်းကျပ်စွာ မှိတ်လိုက်သည် ။

ထို့နောက် ပြန်ဖွင့်သည် ။

မျက်မှောက် တဒင်္ဂသို့ အတွေးများ ပြန်၍ စုစည်းလိုက်သည် ။

ဩော် ... အတိတ်ကာလသည် အထူးထူးသော ခမ်းနားမှုတို့ ဖြင့် တင့်တယ်လှသလောက် ပစ္စုပ္ပန်ကား အရုပ်ဆိုး အကျည်းတန်ဘိခြင်း။

မိမိ ထိုင်နေရာသည် စိန်ဆိုင်းဝိုင်းအတွင်းမှ ဆိုင်းသေတ္တာမဟုတ်။ အေးစက်မာကျောသော စကျင်ကျောက်တုံး။

မိမိဝဲယာတွင် လည်း ခေါင်းပေါင်းစ တလူလူလွင့်လျက် ဝိုင်းတော်သားတို့ မဟုတ်။ မျက်နှာသုတ် တဘက်ပဝါ ထူထူကြီးများကို ခေါင်းတွင် ပတ်ထားသည့် တပည့်များ ။

ရွှေနန်းတော် ပွဲကြည့်ဆောင်၏ ပြိုးပြက်သော ဆီမီးရောင်မဟုတ်။

ဖျော့တော့ မှေးမှိန်သေည့် ညဥ့်၏ လဆုတ်လအရောင်။

နန်းတော်သူ နန်းတော်သားတို့ ၏ ရယ်သံမောသံ၊ ဝိုင်းတော်မှ ကြေး နဲ့အသံ မဟုတ်။ မြစ်ကမ်းစပ်ကို စည်းချက်ကျကျ ရိုက်ပုတ်နေသော ရေ လှိုင်းသံ။

အစစအရာရာ ပြောင်းလဲခဲ့ပြီ။

ဘာတစ်ခုမှ မတူကြတော့ပြီ။

သည် နေရာကား နေမျိုးဟာသခေါင်ဘွဲ့ရ လက်ယာဆိုင်းတော်တီး ဦးကျော်ဒွေး၏ ပွဲသဘင်ဆိုင်းဝိုင်းမဟုတ်။ ရေလှိုင်းပုတ်သံမှ တစ်ပါး အ သံတကာတို့ တိတ်ဆိတ်ပျောက်ကွယ်နေသည့် ဧရာဝတီ မြစ်နဖူးပေါ်က "ဂေါဝိန်ဆိပ်ကမ်း" သာတည်း။

+++

–ကိုရင်ကျော်ဒွေး၊ အပြင်မှာ မအေးဘူးလား၊ လှေပေါ်လာနေပါလား ဟင်—

–ကိစ္စမရှိဘူး ဖွားမယ်၊ ငါ ဟိုကောင်တွေကို စောင့်ဦးမယ်—

လှေပေါင်းမိုးထဲမှ ဇနီးသည် ၏ အသံကို ကိုကျော်ဒွေး တုံ့ပြန်လိုက် သည် ။ အသံနှစ်သံစလုံးမှာ ခပ်အုပ်အုပ်၊ ဘေးပတ်ဝန်းကျင် မကြားစေ လိုသည့် အသံ။ လှေပေါင်းမိုးအတွင်းတွင် လည်း မီးထွန်းမထား။ မီး ရောင်ကို အမြင်မခံရဲကြသည့် အဖြစ်။

ဖျော့တော့မှေးမှိန်လှသည့် လဆုတ်လကို တိမ်တိုက်က ဖြတ်သန်း သွားပြန်သဖြင့် ဂေါဝိန်ဆိပ်ကမ်းသည် ပို၍ မှောင်မည်းသွားပြန်သည် ။

အမှောင်ထဲတွင် ဦးကျော်ဒွေး၏ မျက်နှာချင်းဆိုင်မှ အသံတစ်သံ ပေါ်လာသည် ။

–ဒီကောင်တွေ ခုချက်ချင်း လိုက်လာခဲ့မယ်လို့ ပြောတာပဲ ဆရာကြီး—

–အေး ... ဘာကြောင့်များ ဒီလောက် ကြာနေသလဲ မသိဘူး—

ကျောက်တုံးပေါ်မှ ထ၍ လှုပ်ရှားနေသော စိတ်ကို တည်ဆောက်နိုင်ရန် ဟိုမှ သည် မှ လမ်းလျှောက်လိုက်သည် ။ ဂေါဝိန်ဆိပ်မှ သဲတို့ သည် အေးမြသော အတွေ့ကို ဆောင်နေကြစေကာမူ ရင်ထဲမှာ ကား မအေးနိုင်။

–ကိုယ်တော်ကြီးကိုများ စောင့်နေရသလား မသိဘူး—

တပည့်တစ်ယောက်က အသံခပ်အုပ်အုပ်ဖြင့် ဝင်ပြောသည် ။ ကိုယ်တော်ကြီးဆိုသည် ကား ဦးကျော်ဒွေးနှင့်တကွ ဆိုင်းဝိုင်းတစ်ဖွဲ့လုံး၏ ကျေးဇူးရှင်ဖြစ်သော ကျပင်းမင်းသားကို ဆိုလိုခြင်း ဖြစ်သည် ။

–အေးလေ၊ ကိုယ်တော်ကြီးကိုစောင့်လဲ တောင်ပြင်ကနေ ဒီဂေါဝိန်ဆိပ်ကို လာဖို့ ဘယ်လောက်ကြာမှာ မှတ်လို့ —

–အင်း ...—

အားလုံး ငြိမ်သက် တိတ်ဆိတ်သွားကြပြန်သည် ။ တစ်ခုတည်းသော အတွေး၌ တူညီစွာ စဉ်းစားမိရင်း တိတ်ဆိတ်သွားကြခြင်း ဖြစ်လေသည် ။ ဦးကျော်ဒွေးနှင့်တကွ အားလုံး တွေးလိုက်သောအတွေး။ "အန္တရာယ်များ တွေ့နေကြလို့ လားမသိ"။

–အင်း အန္တရာယ်တစ်ခုခုတွေ့လဲ မောင်ကြင်ဟာ ပါးနပ်တဲ့ကောင်ပါ—

တပည့်များ စိတ်သက်သာစေရန် ပြောလိုက်ရသော်လည်း ဦးကျော်ဒွေး ကိုယ်တိုင်ကမူ ညဥ့်နက်လာသည် နှင့်အမျှ စိုးရိမ်စိတ်တို့ ကြီးထွားလာနေသည် ။ လဆုတ်လသည် မည်းနက်သော တိမ်အုပ်ကြီးများကို တစ်ခုပြီးတစ်ခု ချည့်နဲ့ စွာ ထိုးဖောက်လျက် ဂေါဝိန်ဆိပ်ကမ်းပေါ်သို့ ရောက်ရှိလာပေပြီ။ အားနည်းဖျော့တော့လွန်းသေ လရောင်အောက်တွင် မိမိရှေ့ရှိ ဓားလွယ်ကိုယ်စီကိုင်သော တပည့်များကို မသဲမကွဲ မြင်နေရပေပြီ ။

မတ်စောက်သော ဆိပ်ကမ်းတစ်ဖက် လမ်းမဆီသို့လည်း နားစွင့်မိကြသည် ။

သို့သော် သူတို့ မျှော်လင့်သည့် မြင်းခွာသံများ မပေါ်လာသေး။

–ငဆိမ့်–

–ခင်ဗျာ … ဆရာကြီး–

–လှေထဲသွားစမ်း၊ ဖွားမယ်အတွက် ရေနွေးကျိုထားရဲ့ လား သွားကြည့်၊ မကျိုရသေးရင် မင်း ကျိုပေးလိုက်၊ မီးရောင် မမြင်ရစေနဲ့ နော်၊ ကြားလား–

–ဟုတ်ကဲ့ ဆရာကြီး–

လှေဝမ်း ပေါင်းမိုးထဲရှိ ဇနီးသည် မဖွားမယ်သည် သွေးနုသားနု။ သမီးလေး မမယ်သမှာ တစ်လပင် မပြည့်သေး။ ဤအချိန်မျိုးတွင် မိန်းမသားများ အတွက် အစိုးရိမ်ရဆုံး ဖြစ်သည် ။ နေအိမ် မီးနေခန်းတွင် လေစိမ်းအတိုက်မခံရဘဲ နွေးနွေးထွေးထွေး နေသင့်သည့်အချိန်၊ ယခုလိုရေကြောင်းခရီး မဆိုထားနှင့်၊ ရွှေမြို့တော်ရှိ စံအိမ်ခြံဝိုင်းအတွင်းမှာ ပင် တစ်ယောက်တည်း လမ်းမလျှောက်စေသင့်သည့် အချိန်အခါမျိုး။

မည်သို့မျှ မတတ်နိုင်။

ကျပင်းမင်းသားက လျှို့ဝှက်ပို့လိုက်သော စာချွန်တော်အရ ဤရက်ဤညတွင် ဤဂေါဝိန်ဆိပ်၌ လှေတစ်စင်းကို အသင့်ပြင်လျက် နေရသည် ။ "ရွှေနန်းတော် အတွင်းအရေးအရာများ မသာလှ၊ အားလုံး ကိုယ်ရောင်ဖျောက် ရှောင်နေကြ" ဟူသော ကျပင်းမင်းသား၏ စာချွန်ကို ရရှိပြီးသည့်အဆုံး ဤသို့ စီစဉ်ရခြင်းသာ ဖြစ်သည် ။ သီပေါမင်းသား နန်းတက်ပြီးနောက် အရေးတော်သို့ အရှုပ်ရှုပ် အထွေးထွေး ရှိလှသည် ဟုသာ ဦးကျော်ခွေး သိရသည် ။ ရွှေနန်းတော်တွင်း လက်ယာ ဆိုင်းတော်တီးဖြစ်သည့်တိုင် နန်းတွင်းရေးတို့ ၌ နားမလည်လှ။ စိတ်လည်း မဝင်စားလှ။

သို့ဖြင့် ခင်မင်ကြည်ညိုရင်းစွဲရှိသော ကျပင်းမင်းသား၏ အစီအမံအတိုင်း လဆုတ်ညတစ်ည၏ ဤရက်ဝယ် ဂေါဝိန်ဆိပ်သို့ ဆင်း၍ လှေတစ်စင်းနှင့် အသင့်ပြင်ခဲ့ရခြင်း ဖြစ်သည် ။ သီရိဇလရပ်မှ ဂေါဝိန်ဆိပ်သို့ အလာ ရွှေနန်းတော် တောင်တံခါးတွင် ရှိနေမည့် ကျပင်းမင်းသားနှင့် သရစိမ်းမိဖုရားတို့ ဝင်ခေါ်ခဲ့ရန် အစီအစဉ်အတိုင်း ပတ်တီးလက်ထောက် မောင်ကြင်နှင့် တပည့်တစ်ယောက်ကို လမ်းခွဲလွှတ်လိုက်သည် ။

လှေပေါင်းမိုးထဲမှ မီးရောင်တစ်ချက် လက်လာသည် ။

–ဟေ့ ... ငဆိမ့်၊ မီးရောင် မမြင်ရစေနဲ့ ဆိုနေ—

–ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ ဆရာကြီး—

မီးဖိုမှ မီးရောင် ပြန်ငြိမ်းသွားပြန်သည် ။

သမီးလေး မမယ်သ၏ ငိုသံတအဲ့အဲ့ ပေါ်လာပြန်သည် ။

–ဖွားမယ်ရေ ... ကလေး မငိုစေနဲ့ ၊ အငိုတိတ်အောင် သိပ်—

–ဟုတ်ကဲ့၊ ကိုရင်ကျော်ဒွေး–

မဖွားမယ်၏ ကလေးချော့သံနှင့် တဖြည်းဖြည်း တိုးတိမ်သွားသော ကလေးငိုသံအဆုံးဝယ် ငဆိမ့်သည် လှေဆီမှ ကမ်းစပ်သို့ ပြန်ကူး လာလေသည် ။ မှောင်မည်းနေသောကြောင့် ကုန်းဘောင် ပျဉ်ပြားတံတားကို ငဆိမ့် စမ်းတဝါးဝါး နင်းလာရသည် ။

–ဟော့ကောင် ရေထဲ လိမ့်ကျနေဦးမနော်၊ ဒီနေရာ ရေနက်တယ်–

–အေးပါ ... ငါ သိပါတယ်၊ မှောင်နေလို့ စမ်းလျှောက်နေရတာ–

–ရှူး ... တိုးတိုးပြောစမ်း–

ဦးကျော်ဒွေးက တပည့်နှစ်ယောက်ကို လှမ်းငေါက်ရင်း လမ်းမဘက်ဆီသို့ နားစွင့်သည် ။ အားလုံး တိတ်ဆိတ်သွားပြန်သည် ။

–ဟုတ်တယ်၊ လာကြပြီ–

ဂေါဝိန် မြစ်ဆိပ်သို့ ဒုန်းဆိုင်းလာသည့် မြင်းခွာသံသဲ့သဲ့ ကြားကြရသည် ။

–ဒီအကောင်က မြင်းကို ညင်ညင်သာသာ စီးခဲ့ပါဆိုရက်နဲ့ ခွာသံတဖြောင်းဖြောင်းနဲ့ ဒုန်းစိုင်းလာတယ်။ ဒီလိုညမျိုးမှာ ဒီလောက် မြင်းခွာသံ–

ဦးကျော်ဒွေး စကားမဆုံးခဲ့။

မြင်းခွာသံသည် မျှော်လင့်ထားသလို မောင်ကြင်နှင့် အခြားတစ်ယောက်တို့ ၏ မြင်းနှစ်စီး အသံမျှသာမဟုတ်ဘဲ ပို၍ လှမ်းသော နေရာဆီမှ များ ပြားသော မြင်းခွာသံများကိုပါ သဲ့သဲ့ ကြားလိုက်ရသောကြောင့် ဖြစ်သည် ။

–မြင်းတွေ များ လှချည်လား ဆရာကြီး–

–အင်း ...–

ထင်သည့်အတိုင်း မှန်သည် ။ တရှူးရှူး မောဟိုက်နေသော မြင်းနှစ်စီး ဆိပ်ကမ်းဆီသို့ ဒုန်းစိုင်း ဝင်လာသည် ။ မြင်းမှာ အရှိန်မသေမီမှာ ပင် မြင်းပေါ်မှ လူနှစ်ယောက် ကမန်းကတမ်း ခုန်ချကြသည် ။ ထို့နောက် သဲပြင်ကို ဖြတ်လျက် ဦးကျော်ဒွေးရှိရာသို့ ပြေးလာကြလေသည် ။

–မောင်ကြင် ဘာဖြစ်လာသလဲဟေ့–

–သူ ... တို့ ... သူတို့ လိုက်လာကြပြီ ဆရာကြီး–

–ဟင် ... ဘယ်သူတွေလဲ–

–ဦးစံကွန်းနဲ့ သူ့လူတွေ–

–ဘာ ...–

ထိတ်လန့် အံ့သြစွာ ရေရွတ်ရင်း ဦးကျော်ဒွေး၏ လက်များ ၊ ဓားရိုးဆီသို့ ရောက်သွားသည် ။ မြင်းခွာသံများ လည်း တစ်စတစ်စ နီးကပ်လာပြီဖြစ်သည် ။

–ကိုယ်တော်ကြီးကော ကျပင်း ကိုယ်တော်ကြီး–

မောင်ကြင် ကောင်းစွာ ပြန်မဖြေနိုင်။ အန္တရာယ်တစ်ခုခုနှင့် တွေ့လာခဲ့သလို အထိတ်ထိတ် အလန့်လန့် ဖြစ်နေသည် ။ တစ်စတစ်စ နီးလာသော မြင်းခွာသံများ ပေါ်လာရာ လမ်းမဆီသို့သာ မျက်လုံးပြူး မျက်ဆံပြူး လှမ်းကြည့်သည် ။

–ဟေ့ကောင် ငါမေးနေတာ မကြားဘူးလား ကျပင်း မင်းသား ဘယ်မလဲလို့ –

–ဟို … ဟို–

မောင်ကြင့်အစား အသံနက်ကြီးဖြင့် ဖြေသံတစ်ခု ကမ်းပါးထိပ် အမှောင်ထဲဆီမှ ပေါ်လာသည် ။

–ကျပင်းမင်းသား သေပြီကွ ကျော်ဒွေးရ၊ ဟား … ဟား … ဟား–

ဦးကျော်ဒွေး နောက်လှည့်ကြည့်သည် ။ တပည့်များ သဲပြင်ထက်တွင် ဖြိုင်ဖြိုင်ထသည် ။ သို့သော် သူတို့ ထက် ပို၍ လူအင်အားများ သောမြင်းစီးသမားများ သည် ဆိပ်ကမ်းသဲပြင်တွင် သူတို့ အား ဝိုင်းရံထားလိုက်ပြီ ဖြစ်သည် ။

ရှေ့ဆုံးမှ လူသည် မြင်းပေါ်မှ ခုန်ဆင်းကာ ဦးကျော်ဒွေးရှိရာသို့ တိုးဝင်လာသည် ။

–မင်းသခင် ကျပင်းမင်းသား သေပြီလေ ကျော်ဒွေး၊ ဟဲ … ဟဲ မင်းလဲ သူ့နောက်–

–စံကွန်း မင်း–

–ဟုတ်တယ်၊ မင်းရဲ့ အချစ်ဆုံး မိတ်ဆွေကြီး စံကွန်း ငါပဲ–

–စံကွန်း မင်း ဘာကိစ္စ လိုက်လာတာလဲ၊ ကျပင်းမင်းသားက ဘာဖြစ်ရတာလဲ၊ ရွှေနန်းတော်မှာ ဘာဖြစ်ကုန်လို့ လဲ–

–ဟား … ဟား … ဟား … ဖြည်းဖြည်းပေ့ါ ကျော်ဒွေးရာ၊ ငါတစ်ခုချင်း ပြောပြပ့ါမယ်၊ အခု မင်းကျေးဇူးရှင်ကြီး ကျပင်းမင်းသားရော၊ သရစိမ်း မိဖုရားရော၊ တခြား မင်းညီမင်းသားတွေရော၊ ဟဲ … ဟဲ … မကွဲရာမင်းသားတောင် မကျန်ဘူး၊ အားလုံး သေပြီလေ၊ မင်းညီမင်းသား မင်းသမီးတွေ ရှစ်ဆယ်ကျော်ယင်သာ ကျော်မယ်၊ မလျော့ဘူး၊ အားလုံး သခင်မကြီး ဘုန်းအာဏာတော်နဲ့ လည်မျို တုတ်နဲ့ ရိုက်၊ ဇက်ကို ဓားနဲ့ ပိုင်း

ဟား … ဟား …ဟား—

–ဘာ … ဘာ … ရှစ်ဆယ်ကျော် မင်းညီမင်းသား—

–အေးလေ၊ အားလုံး ဘုရင့်သွေးတွေချည်းပဲ၊ တယ်ကြီးကျယ်တဲ့ အရေးတော်ပုံ၊ ဟဲ … ဟဲ၊ ဒီအရေးတော်ပုံကြီး ထမြောက်ဖို့ အရေးမှာ ငါလည်း အပါအဝင်ပေါ့—

ဓားရိုးကို ဆုပ်ကိုင်ထားသော ဦးကျော်ဒွေး၏ လက်တို့ တဆတ်ဆတ် တုန်ယင်လာသည် ။

ကြားရသော သတင်းသည် သွေးပျက်လုခမန်း။

မိမိသခင် ကျပင်း မင်းသားနှင့် သရစိမ်း မင်းသမီးတို့ အသတ်ခံရပြီဆိုခြင်းကိုပင် ရုတ်တရက် သတိမထားနိုင်အောင် ဖြစ်သွားရသည် ။ မင်းညီမင်းသား ဘုရင့်သွေး ဘုရင့်သား ရှစ်ဆယ် လုပ်ကြံမှု၊ နန်းတွင်း လုပ်ကြံမှု။

–အေး … ရွှေနန်းတော်ရဲ့ ရန်သူတွေကို စီရင်ပြီးပြီ၊ မင်းလဲ ကျပင်းလူဆိုတော့ မင်းလဲ သခင်နောက် လိုက်ရမှာ ပဲ၊ အဲဒါကြောင့် မင်းအတွက် ငါတာဝန်ယူပြီး ဒီကို လိုက်လာတာလေ၊ မင်း ဒီလို၊ ကိုယ်လွတ်ထွက်ပြေးလို့ ဘယ်ရမလဲ ကျော်ဒွေး—

–ငါ … ငါနဲ့ ဘာဆိုင်သလဲ စံကွန်း၊ မင်းအသိပဲ၊ ငါ ဒီနန်းတွင်းရေးတွေကို ဘာမှ မသိဘူး၊ ကျပင်းကိုယ်တော်ကြီးရဲ့ လူယုံလည်း မဟုတ်ဘူး ၊ သူ့ကျေးဇူးနဲ့ ငါ့ဘာသာငါ ရွှေနန်းတော်မှာ လက်ယာဆိုင်းတော်တီးအဖြစ်—

–အဲဒီ လက်ယာ ဆိုင်းတော်တီး ဖြစ်နေတာကိုက၊ မင်းဟာ ငါ့ရန်သူ

—

ဦးစံကွန်း၏ အသံ ကျားဟိန်းသံနှယ် ဖြစ်သည်။

မှေးမှိန်သော လရောင်အောက်မှာ ပင် သူ့မျက်လုံးမှ ဒေါသငွေ့များ တဖျတ်ဖျတ် တောက်သည် ဟု ဦးကျော်ဒွေး ထင်မိသည်။

ဓားလွတ်ကို ဝှေ့ယမ်းလျက် ဦးစံကွန်းရှေ့သို့ တိုးလာသည်။

–ကျော်ဒွေး မင်း အခုမှ မသိချင်ဟန်မဆောင်နဲ့၊ နေမျိုးဟာသခေါင် ဆိုတဲ့ ဘွဲ့နဲ့ လက်ယာဆိုင်းတော်တီးဆိုတဲ့ အရိုက်အရာလည်း မင်းကြောင့် ငါလွဲခဲ့ရတယ်၊ ပြီးတော့ ဖွားမယ်ကိုလည်း မင်းကြောင့် ငါ လက်လွှတ်ခဲ့ရတယ်၊ မင်းဟာ ငါရ,ရမယ့် ရာထူးစည်းစိမ်နဲ့ အချစ်ကို ငါ့ လက်ထဲက လုယူတဲ့ ရန်သူ–

– မဟုတ်ဘူး စံကွန်း၊ မင်း ရှေ့မတိုးနဲ့ –

ပတ်လုံးမျက်နှာပြင်မှ ဂီတသံကိုသာ နှိုက်ထုတ်နိုင်တတ်သော ဦး ကျော်ဒွေး၏ လက်တို့ သည် ဓားရေး၌ ကျွမ်းကျင်သည် မဟုတ်။ ဦးကျော်ဒွေး ဓားကို ဝှေ့ရမ်းရင်း နောက်သို့ ဆုတ်သည် နှင့်အမျှ ဦးစံကွ န်က အကွက်ကျစွာ ရှေ့သို့ တိုးဝင်နေသည်။

–မင်း မဟုတ်တာ မပြောနဲ့၊ ရှေ့မတိုးနဲ့ စံကွန်း–

–တိုးတယ်ကွာ၊ ဟော့ ... ခုတ်တယ်၊ ခုတ်ကြ ... ခုတ်ကြ–

ကျားတစ်ကောင်အလား ရှေ့သို့ လွှားခနဲ ခုန်ဝင်ရင်း ဓားသွားကို လွှဲ လိုက်သည် နှင့်တစ်ပြိုင်နက် ဦးစံကွန်း၏ လူများ လည်း ဓားလွတ်ကိုယ်စီဖြင့် တိုက်ပွဲကို ဖွင့်လှစ်လိုက်ကြသည်။

မည်းမှောင် တိတ်ဆိတ်နေသော ဂေါဝိန်ဆိပ်ကမ်းတွင် ဓားသွားချင်း ထိခတ်သံများ၊ အော်ဟစ်ကြုံးဝါးသံများ ဖုံးလွှမ်းသွားလေသည်။

–ကျော်ဒွေး မင်းကို ငါ့ဘဝက အပျောက်ရှင်းချင်နေတာ ကြာပြီ။ အခု ရွှေနန်းတော် အရေးတော်ပုံပေါ်လာတော့ ငါဟာ ဓားတစ်စင်းကို ပိုပြီ၊ မင်းသခင် ကျပင်းနောက် လိုက်ပေတော့—

ဗလုံးဗထွေး အော်ဟစ်ရင်း ဦးစံကွန်း ဖိ၍ ခုတ်သည် ။

ဦးကျော်ဒွေး မခံနိုင်။ ပြင်းထန်သော ဓားချက်များ နှင့် လွတ်ရာကိုသာ ခုန်၍ ရှောင်ရင်း နောက်ဆုတ်ရသည် ။

–ကိုရင်ကျော်ဒွေး ... ကိုရင်ကျော်ဒွေး—

–မလာနဲ့ ဖွားမယ်၊ မလာနဲ့ အား ...—

လှေပေါင်းမိုးအတွင်းမှ မဖွားမယ်၏ အော်ဟစ်သံကြောင့် ဦးကျော်ဒွေး လှေဆီသို့ လှမ်းအကြည့်တွင် ဓားဦးသည် ပခုံးအတွင်းသို့ စိုက်ဝင်သွားသည် ။ ဦးကျော်ဒွေး အော်သံကြောင့် မဖွားမယ် လှေပေါင်းမိုးထဲမှ ထွက်ရင်း သွေးရူးသွေးတန်း အော်သည် ။

–မသတ်ကြပါနဲ့ ... မသတ်ကြပါနဲ့ —

–ငါ့ဘဝ၊ ငါ့ရည်မှန်းချက်မှာ ခလုတ်ကန်သင် ဖြစ်နေတဲ့ ဟာတွေ တစ်ခုမှ အရှင်မထားဘူးဟေ့—

ဦးစံကွန်းကား ဦးကျော်ဒွေး ဓားတစ်ချက်ထိပြီကို သိရသည် တွင် ပို၍ ကြမ်းကြုတ်လာသည် ။ သွေးစွန်းသော ဓားဦးကို ဖျော့တော့သော လရောင်တွင် ထောင်ကြည့်ရင်း အသံနက်ကြီးဖြင့် အော်ဟစ်သည် ။

–လှေဆီကို သွားဟေ့၊ အဲဒီထဲက မိန်းမကို အရှင်ဖမ်း—

–ကိုရင်ကျော်ဒွေး ... ကိုရင်ကျော်ဒွေး—

သွေးတို့ မြေကျရပြီဖြစ်သောအခါ ဦးကျော်ဒွေး ခက်ထန်လာသည် ။

နောက်ဆုတ်ခဲ့ရသော ခြေလှမ်းများကို ရှေ့သို့ ပြန်တက်လျက် ဓားကို အရှိန်ပြင်းစွာ ဝှေ့ယမ်းတော့သည် ။

–စံကွန်း မင်း လူယုတ်မာ မင်း—

တိုက်ပွဲ ပို၍ ပြင်းထန်လာသည် ။ နှစ်ဖက်လူများ ၏ အော်ဟစ်ကြိုးဝါးသံများ ပို၍ ဆူညံလာသည် ။ လရောင် မှုန်တရီအောက်တွင် ကြမ်းတမ်းစွာ ထိုးခုတ်ကြသည် ။

ဦးစံကွန်း၏ လူနှစ်ယောက် ကုန်းဘောင် ပျဉ်ပြားအတိုင်း လှေဆီသို့ ပြေးတက်သွားကြသည် ကို မြင်သောအခါ ဦးကျော်ဒွေးလည်း လှေဆီသို့ တစ်ဟု န်ထိုး ပြေးလာခဲ့သည် ။ ဦးစံကွန်း နောက်မှ အော်ဟစ်ရင်း လိုက်သည် ။

ဓားသွားသည် မည်သို့ လူပ်ရှားလိုက်မိမှန်း မသိခင်မှာ ပင် ကုန်းပေါင် ပျဉ်ပြားပေါ်မှ လူနှစ်ယောက် စူးစူးဝါးဝါး အော်လျက် ရေထဲသို့ ကျသွားကြသည် ။ လှေခါးပန်းပေါ်သို့ ဦးကျော်ဒွေး ခြေတင်မိချိန်ဝယ် ဦးစံကွန်းလည်း ကမ်းစပ်ရှိ ကုန်းပေါင် တံတားစွန်းသို့ ရောက်နေပေပြီ။

–ဟေ့ ... အားလုံး လှေဆီကို လာကြ—

ဦးစံကွန်းတို့ လူစုသည် အင်အားရော တိုက်ခိုက်ရည်ပါ မိမိတို့ ထက်သာသည် ကို ဦးကျော်ဒွေး သိသည် ။ အချည်းနှီးသော တိုက်ပွဲကို မတိုက်ဘဲ လှေကို ကမ်းမှ ခွာ၍ မြစ်လယ်သို့ အပြင်း ကျော်ရန်သာ ဆုံးဖြတ်လိုက်တော့သည် ။

–ခုတ် ... ခုတ်၊ တစ်ယောက်မှ မလွတ်စေနဲ့ ၊ ပေါင်းအိုးထဲက မိန်းမတစ်ယောက်ပဲ အရှင်ဖမ်း—

ဦးကျော်ဒွေး၏ တပည့်များ ခက်ခက်ခဲခဲ လှေဆီသို့ ပြေးလာကြသ

ည် ။ အချို့သည် ကုန်းပေါင် တံတားပေါ်မှ ၊ အချို့သည် ရေထဲမှ ၊ ရေထဲ အထိ လိုက်၍ ခုတ်သဖြင့် တဝုန်းဝုန်း အသံမြည်နေသည် ။

–ကိုရင်ကျော်ဒွေး အထဲကို ဝင်ပါ၊ အထဲကို ဝင်ပါ—

–ဖွားမယ် နင် ဝင်နှင့်—

–ပေါင်းမိုးထဲကိုဝင်၊ ဟင် ... သွေးတွေ—

ဦးကျော်ဒွေးပခုံးမှ သွေးများကို မဖွားမယ် စမ်းမိသွားသည် ။

–ကိစ္စမရှိဘူး မောင်ကြင်၊ ကုန်းဘောင်ဖြုတ်၊ ကျောက်ဆူးနုတ်ဟေ့—

–အထဲကိုဝင်ပါ ကိုရင်ကျော်ဒွေး၊ အထဲကိုဝင်—

–ကျော်ဒွေး မင်း ဒီလို ပြေးလို့ မရဘူးဟေ့—

ကုန်းပေါင်ပျဉ်ပြားကို မဖြုတ်နိုင်သေးမီမှာ ပင် ဦးစံကွန်းသည် ပျဉ်ပြားပေါ်သို့ ပြေးတက်လာနေသည် ။ ဝဲယာတွင် ဓားတစ်လက်စီ။

–လူယုတ်မာ မင်းကို သတ်ပြီးမှ ငါကမ်းက ခွာမယ်ဟေ့—

မုန်းတီးရွံ့ရှာခြင်းတွေ အထွတ်အထိပ်သို့ ရောက်နေပြီ။ ဦးကျော်ဒွေး ပျဉ်ပြားအတိုင်း ပြန်ဆင်းမည် ပြုသည် ။

–ကိုရင်ကျော်ဒွေး မသွားနဲ့ —

–ဖယ်စမ်း ... ဖွားမယ်—

–သေပေတော့ ကျော်ဒွေး—

တပြိုင်တည်းလိုလိုပင် ဖြစ်သည် ။ ပျဉ်ပြားတံတားအတိုင်း ပြန်ဆင်း မည့် ဦးကျော်ဒွေးကို မဖွားမယ်က လှမ်းဆွဲရန် အနီးသို့ ချဉ်းကပ်လာချိန် မှာ ပင် ဦးစံကွန်းထံမှ ဓားသည် ပျံဝဲ လာပြီး မဖွားမယ်၏ ရင်ညွန့်သို့ တ

ည့်မတ်စွာ စိုက်ဝင်သည် ။

–ဖွားမယ်–

တိုက်ပွဲ၏ အသံအားလုံးကို ဦးကျော်ဒွေး၏ အသံနက်ကြီးက ဖုံးအုပ်သွားသည် ။

မဖွားမယ်သည် စူးစူးဝါးဝါး ဟစ်အော်လိုက်ပြီး လှေဝမ်းထဲသို့ လဲကျသွားလေသည် ။ ထိုအချိန်မှာ ပင် ငြိမ်ခနဲ ခွာလိုက်သော လှေအရှိန်နှင့်အတူ ကုန်းပေါင်တံတား ပြုတ်ကျကာ တံတားပေါ်မှ ဦးစံကွန်း ရေထဲသို့ ကျသည် ။

–စံကွန်း မင်းကို ငါသတ်မယ်–

ရေထဲသို့ ခုန်ချတော့မည့်ဆဲဆဲ ဦးကျော်ဒွေးကို တပည့်များက ဝိုင်းဝန်းချုပ်ကြသည် ။

–လွှတ် … ငါ့ကို လွှတ်ကြ၊ စံကွန်းကို ငါသတ်မယ်–

ဆိပ်ကမ်းဆီမှ မြင်းခွာသံများ တဖြောင်းဖြောင်း ပေါ်ထွက်လာပြန်သည် ။

ဦးစံကွန်းနှင့် သူ့လူများ ထက် ပို၍ အင်အားများ သော မြင်းစီးသမားများ သည် မတ်စောက်သော ကမ်းပါးထိပ်မှ သဲပြင်သို့ ကဆုန်စိုင်း ထိုးဆင်းလာကြသည် ။

–ဟေ့ … ဘာဖြစ်နေကြတာလဲ၊ ဘယ်သူတွေလဲဟေ့–

–ကျုပ်တို့ အရေးတော်ပုံက လူတွေပါ၊ ကျပင်းမင်းသားရဲ့ အစွယ်အပွားတွေကို လိုက်ရှင်းနေတာ–

ဦးစံကွန်းက ရေထဲမှ လှမ်းအော်ရင်း ဖြေသည် ။ သူ့တပည့်များ လ

ည်း မြင်းစီးသမားများ အနီးသို့ ချဉ်းကပ်သွားကြသည် ။

–မင်းတို့ မင်းညီမင်းသားတွေကို လုပ်ကြံပြီးပြီလား—

–ဟုတ်ကဲ့၊ အမိန့်တော်အတိုင်း လုပ်ကြံပြီးပါပြီ—

–အေး ... ပြီးရင် ဒီတစ်ခါ မင်းတို့ အလှည့်—

စူးစူးနစ်နစ် အော်သံများ သဲပြင်ဆီမှ ပေါ်လာပြန်သည် ။

ရေထဲက ဦးစံကွန်းလည်း သိလိုက်သည် ။ လှေပေါ်က ဦးကျော်ဒွေး လည်း သိလိုက်သည် ။ လုပ်ကြံမှု အရေးတော်ပုံသည် လုပ်ကြံသူများကို ပါ ကျူပင်ခုတ် ကျူငုတ်ပင် မကျန်အောင် လက်စခြေစ ဖျောက်နေပေပြီ ။

ဦးစံကွန်း ရေထဲမှ မတက်တော့။

လှေသည် လည်း မြစ်လယ်သို့ ခွာခဲ့ပေပြီ။

ကုန်းပေါ်က ခုတ်သံ၊ အော်သံများကို လျစ်လျူရှုလျက် ဦးကျော်ဒွေး လှေဝမ်းထဲသို့ ငုံ့ကြည့်လိုက်သည် ။ စောစောက ဆူပွက်ခဲ့သော သွေးတို့ ကြောင့် သတိလက်လွတ် ဖြစ်ခဲ့ရသော စိတ်အစဉ်တို့ သည် ယခုမှ ပင် ...

–ဖွားမယ်—

ပခုံးဒဏ်ရာမှ သွေးစိမ်းရှင်ရှင်တို့ တသွင်သွင် ယိုနေသည် ကို မေ့ပျောက်သွားသည် ။ မိမိ၏ သွေးတို့ ထက် ဇနီးသည် မဖွားမယ်၏ ရင် အုံမှ သွေးတို့ က ပို၍ နီရဲသည် ဟု ထင်မိသည် ။

ကိုယ်ငွေ့ကား နွေးထွေးဆဲ။

ပေါင်းမိုးထဲမှ သမီးငယ်၏ တအဲ့အဲ့ အော်သံ ထွက်ပေါ်လာသည် ။

သို့သော် မဖွားမယ်ကား သမီးငယ်၏ အသံကို မကြားနိုင်တော့။

–တောက် ...—

***

# အပိုင်း (၁)

စိမ်းညို့သော ကျောက်တောင်စွန်းများ နှစ်ခု အကြားမှ ပြာလဲ့သော ရေတံခွန်။

အဝေးဆီတွင် သက်တန့်လေးကိုင်းသည် အိပ်မက်ဆန်စွာ ကွေးညွတ်နေသည် ။

မြင်ကွင်းတစ်ခုလုံး ကြည်ပြာနုရောင်။

ကြည်ပြာနု အသွေးအောက်တွင် ပန်းပေါင်းစုံတို့ ၏ အဆင်းသည် ရှိရင်းစွဲထက် ပို၍ တောက်ပနေကြလေသည် ။ အဝေးဆီတွင် ရှိသော တောအုပ်တို့ ၏ စိမ်းလဲ့သော တိမ်များ တို့ သည် အရောင်ရင့်မှ အရောင်နုသို့ အချိုးညီစွာ ကူးပြောင်းသွားကြသည် ။ ရေတံခွန်၏ အောက်ခြေတွင် ကား ခရမ်းပြာရောင် တောက်ပနေသော ရေအိုင်ငယ်တစ်ခု ရှိသည် ။ ရေအိုင်ငယ်၏ ဝန်းကျင်ဝဲယာတွင် ဇွန်နှင့် တောစံပယ်တို့ ဖွေးဖွေးလှုပ်။

ရေအိုင်စပ်သို့ ကိုင်းညွတ်ကျနေသော ကညင်ပင်ကိုင်းတွင် တုတ်ခိုင်သော နွယ်ဒန်းကြီးတစ်ခု ဖားလျားကျနေသည် ။ နွယ်ဒန်းကို လူးလွန့်ယှက်လိမ်နေသော ပန်းနွယ်တွင် လည်း စကားဝါရောင် ပန်းပွင့်ငယ်များ ပြောက်မွမ်းနေသည် ။

ထိုပန်းပွင့်ငယ်များကို ဝါရွှေသော လက်တစ်ဖက်က သာသာညင်းညင်း ဖိအုပ်ဆုပ်ကိုင်ထားသည် ။ နွယ်ဒန်းကြိုးကို ဆုပ်ကိုင်သည် ဆိုလျှင်

ပန်းပွင့်ငယ်များကိုလည်း ဆုပ်ကိုင်ထားရပေတော့မည်။

နွယ်ဒန်းသည် ညင်သာလွန်းစွာဖြင့် ရှေ့နောက်ယိမ်းလွဲနေသည် ။

နွယ်ဒန်းပေါ်မှ ကိန္နရီ၏ ဖားလျားဝေသော ဆံနွယ်စတို့ မှာ လွဲယမ်းနေသော နွယ်ဒန်း၏ အရှိန်ဖြင့် လေတွင် လွင့်ပျံသွားနေကြသည် ။ အနီးမှ ကိန္နရာဖိုသည် ဒန်းကြိုးကို ဖွဖွ ညင်ညင်သာသာ ယမ်းပေးနေသည် ။ ကြည်ပြာနုရောင်အောက်မှ ဖိုမတို့ ၏ မျက်နှာပေါ်ဝယ် အချစ်၏ အရောင်အသွေးများ ရွှန်းလဲ့နေတော့သည် ။

–ရီရီဆိုင်းဆိုင်း … မှိုင်းမှိုင်းညို့ပြာ … မိုးတဲ့ မိုးတိမ် လွှာငယ်လေ … မြူသား တိမ်မိလ္လာ … လွမ်းတဲ့ လွမ်းအောင်သာ … ကျူးနွဲ့ ကျူးနွဲ့ … ရွှာ ပွင့်စံပယ် ရွှေဝါပန်းတဲ့ ပန်းမြတ်စွာ …–

ရီရီဆိုင်းဆိုင်း ကြိုးသီချင်းအလိုက် ဂီတသံသည် ပြေပြေလျော့လျော့ လွင့်ဝဲလာနေသည် ။

ကိန္နရာဖိုသည် ကိန္နရီ၏ နဖူးဆံစများကို အသာအယာ သပ်ပေး လိုက်လေသည် ။ ဤလောကတွင် ချစ်သူမှ တစ်ပါး အခြားမရှိ။ အချစ်မှ တစ်ပါး အခြားမရှိ။ ရေတံခွန်စိမ့်စမ်း တောပန်း၊ နွယ်ဒန်း၊ စမ်းရေအိုင်လည်း မရှိ။ အရောင်စုံသော ပန်းတို့ သည် ချစ်သူ၏ မှေးမှိန်ထားသော မျက်တောင် ကော့ကော့ရွှန်းမှ မျက်ဝန်းတစ်ချက်လောက်မျှပင် လှပခြင်း မရှိ။

–ပွင့်စံငယ်ရွှေဝါ … ပန်းတဲ့ မြတ်စွာ … အခါရောက်ချိန် နီးချည့်လေ … အခါရောက်ချိန် နီးပင်သာနီး ချည့်လေး–

ကြေးဝိုင်းမှ ကြေးနောင်ဖုများ ပေါ်တွင် ကျွမ်းကျင်သော လက်ခတ်အစုံတို့ သည် တို့ ဆိတ်ကစား ပြေးလွှားနေသည် ။ ကြေးဝိုင်း၏ လုံး

တောက်တီးသံကို ပလွေကြီး၏ ခပ်အုပ်အုပ်အသံက ကူဖြည့်ရင်း သိင်္ဂါရ ရသကို တိတိကျကျ ပို့ဆောင် ဖော်ထုတ်ပေးသည် ။

နွယ်ဒန်းသည် ဖြည်းဖြည်းချင်း ရပ်တန့်သွားသည် ။

နွယ်ဒန်းပေါ်မှ ကိန္နရီ၏ လက်ကို ကိန္နရာက ကမ်းလင့်သည် ။

ကိန္နရီ ကိန္နရာလက်အစုံတို့ လှပစွာ ဆက်ကူးမိချိန်တွင် ဂီတသံလည်း ပြောင်းသွားသည် ။ ကြေးသံနှင့် ပလွေသံ မဟုတ်တော့။ ရီရီဆိုင်းဆိုင်း ကြိုးသီချင်း မဟုတ်တော့။

ခင်ညိုသည် စောင်းကို တင်ပလ္လင်ခွေထဲတွင် နေသားတကျ ဖြစ်အောင် ပြန်ပြင်လိုက်ရင်း စောင်းကြိုးများ ပေါ်သို့ ညာလက်ကို တင်လိုက်သည် ။ ဘယ်လက်သည် လက်ရုံးပေါ်ရှိ စောင်းကြိုးများ ဆီသို့ အလိုလို ထောက်မိလျက်သား ဖြစ်သွားလေသည် ။

ရုတ်ချည်း တိတ်ဆိတ်သွားသော တဒင်္ဂ၏ အဆုံးသို့ စောင်းသံ လူးလိမ့် တိုးဝင်လာသည် ။

–ရုံးညာပိုင် ... အုံးပြိုင်သဇ္ဇာကြွေ့မှာ လှလေ ... ကြိုးမည်းနှောင်တာ ... ကမ္ဘာမြေဝယ် ... မြွေစေတော့လေ–

စောင်းကောက်သံ ဖြစ်သဖြင့် အသံသည် လျှံ၍ ထွက်လာသည် ။ စောင်းကြိုးများ သည် နိုင်လွန်ကြိုးမဟုတ်။ ပိုကြိုးစစ်စစ် ဖြစ်သည် ။ ဘဘ အသုံးပြုသော စောင်းကြိုးများ ။ နိုင်လွန်ကြိုးသည် အသံစူး၍ ပြတ်သားသည် ။ ပိုးကြိုးသည် ရှေးရိုးစဉ်လာ။ သို့သော် မိုးကြိုးမှ ထွက်သော အသံသည် သာ သဒ္ဒါရုံကို ပြည့်ပြည့်ဝဝ အထမြောက်စေသည် ဟု ခင်ညို့နားထဲ စွဲနေသည် ။ ပိုးကြိုးမှ ထွက်သောအသံသည် အုပ်အုပ်ဆိုင်းဆိုင်း ရှိသော်လည်း အသံလုံသည် ။ နူးညံ့မှု အပြည့်အဝ ရှိ

သည် ။

–မှန်သရွေ့ကိုလ … ဆန်စေ့ငယ်ရေရေ … ကိုးဂုဏ်ရှင့် … ဂူတော်မွေ …–

အပိုဒ်အဆုံးတွင် စောင်းကြိုးများ ပေါ်မှ လက်ချောင်းတို့ ကို ခင်ညိုရပ်နားလိုက်သည် ။ စောင်းသံ၏ အဆုံးကို ဝါးဖြင့် နင်းဝင်လျက် ဆိုင်းသံ ထွက်ပေါ်လာသည် ။ ပတ်ဝိုင်း၊ စောင်း၊ နှဲ၊ ကြေး၊ နောက်တို့ ဒိုးဆစ်၊ ပတ်မ၊ ယကွင်း  အစုံအလင် အပြိုင်အဆို။

စောင်းကောက်ဖြင့် တီးခဲ့သော အပိုဒ်ကိုပင် ဝိုင်းနှင့်အုံနှင့် စပ်၍ ကျော့ကြခြင်း ဖြစ်သည် ။ စောင်းတစ်လှည့် ဆိုင်းတစ်လှည့်။

အဆစ်ချ စခွန့်ဒိုးချက်သံအလိုက် ကိန္နရီ ကိန္နရာတို့ အမြူးက, ကကြသည် ။ ဝဲမှ ယာ၊ ယာမှ ဝဲသို့ လူပ်ရှားပြေးလွှားလျက်။

စခွန့်ဒိုးချက်ဖြင့် အဆစ်ကျ လှုပ်ရှားရသော အမြူးအကွ အကဖြစ်သော်လည်း ကိန္နရီ ကိန္နရာတို့ ၏ အချစ်ကို ကျူးရင့်သော သန္ဓေမပျက်စေရ။ ကကြိုးတို့ သည် ကြမ်းတမ်းလျင်မြန်မှု မဖြစ်စေရ။ ပြီးတော့ "ပသာဒအလှအက" မျိုး မဟုတ်။ စရိုက်ဖော်အက၊ ခံစားမှုကို ဖော်သောအက။

ကိန္နရီ ကိန္နရာတို့ သည် လူစင်စစ် မဟုတ်ကြ၊ ကောင်းကင်တွင် ဝဲပျံသော ငှက်အမျိုးအနွယ်။ လည်တိုင်၊ အတောင်ပံ၊ အမြီးတို့ ၏ လှုပ်ရှားမှုသည် အက၏ အဓိက အစိတ်အပိုင်းများ ဖြစ်စေရမည်။ လူလို မကရ။

–ကိုခင်ညိုရေ … ခင်ဗျား မင်းသားတော့ အတော်လေး အချိုးပြောင်းသွားပြီ တွေ့လား–

ဇာတ်ခုံ မြင်ကွင်းကို ငေးကြည့်နေသော ခင်ညို့အနီးသို့ ကပ်၍ စန္ဒ

ရားဆရာ ကိုမောင်ကြိုင်က တီးတိုး ပြောလာသည် ။

–အင်း ...–

ကိန္နရီ ကိန္နရာအကတွင် ဝင်စားနေမိသဖြင့် ခင်ညို အင်းတစ်လုံးသာ ပြန်ဖြေနိုင်သည် ။ ကိုမောင်ကြိုင် ပြောသည့်အတိုင်းလည်း မှန်ပေသည် ။ ကိန္နရာအဖြစ်ကသော မင်းသား ရွှေဟသ်ာစိန်မြိုင်၏ လှုပ်ရှားမှုများ သည် ခင်ညို လိုချင်သည့် လှုပ်ရှားမှုအကများ ဖြစ်လေသည် ။ ကိန္နရာ၏ စရိုက်ဖော်အက၊ ခံစားမှုအက။

တကယ်တော့ မင်းသား ရွှေဟသ်ာစိန်မြိုင်သည် အကဖြင့် နာမည်ကြီးသူ၊ ဆရာကောင်းများ ၏ တပည့်၊ ထူးချွန်သော အကမင်းသား ဖြစ်သည် ။ သူ့ခေါင်း၊ ခါး၊ ခြေ၊ လက်ကို အချုပ်အခြယ်မပြုဘဲ လွှတ်သာပေးလိုက်ပါက သံစဉ်တီးလုံးမပါသော ပတ်မချက်မျိုးနှင့်ပင် နာရီဝက်ခန့်အထိ မမောမပန်း ခြေလှမ်းမပျက် သွက်၍ ကနိုင်သည့် ကကြိုးစုံတတ်သော အကမင်းသား။

သို့သော် သည် အခန်းကား "အချစ်၏ တန်ခိုးတော်အနန္တ" အော်ပရာ အခန်းမှ ကိန္နရီ ကိန္နရာ သစ္စာထား အကသာ ဖြစ်သည် ။ ရွှေဟသ်ာစိန်မြိုင်သည် အကမင်းသား ရွှေဟသ်ာ စိန်မြိုင်မဟုတ်။ ကိန္နရာဖို။

ကိန္နရာဖိုလို သူ လှုပ်ရှားရမည်။ ကိန္နရာဖိုလို သူ ခံစားရမည်။

ပြီးတော့ ကိန္နရာဖိုလိုပဲ သူ ကရမည်။

ဆိုင်းဝိုင်းအလှည့် ပြီးခါနီး လာပြီဖြစ်၍ ခင်ညို စောင်းကောက်ကို ပြန်ကိုင်သည် ။ လက်ရုံးဘွဲ့ကြိုးတို့ ကို နေသားတကျ ထပ်ပြင်သည် ။ စောင်းအလှည့်။

–... တူမသွေ ပါစေမယ်နှင့်သား ... လျစ်ကျူး ... မြွက်ကြား ... မြက်ရှင်ပင် တန်ခိုးအား ... မခြားသိစေကြောင်း ... ပန်ထွာတည့်ခဝပ်သောင်း–

ဟူသော အပိုဒ်။

ခုံပေါ်လှူပ်ရှားမှုသည် မြူးကြွ လာပြီဖြစ်၍ ခင်ညို စောင်းကွက်ကို ခပ်စိပ်စိပ် လူးလိမ့်သည် ။ အချီအချသံ နေရာများမှ တစ်ပါးကျန်နေရာများ တွင် ကွက်ပျောက် သံဆန်းဆန်ဆန် တီးသည် ။

စည်းတီးဆရာ ဦးထိန်ဘက်သို့ ခင်ညို မသိမသာ စောင်းငဲ့ကြည့်သည် ။ ဦးထိန်ခေါ် ဘိုးထိန်က ခင်ညို့အကြည့်ကို နားလည်ဟန်ဖြင့် ခေါင်းညိတ်ပြသည် ။ ထို့နောက် ဝါးသံကို ပို၍ မြည်အောင် ခေါက်ရင်း စည်းကိုလည်း သွက်သွက်လက်လက် ကစားပေးသည် ။ စည်းရှိန်ပို၍ မြန်လာသည် ။

ခင်ညိုက ဘိုးထိန်ကို ပြုံးပြ လိုက်လေသည် ။

ဘိုးထိန်၏ လုပ်ရပ် မှန်သည် ၊ ကျေးဇူးတင်သည် ဟူသော အပြုံးမျိုး ။

ခင်ညို့ ရင်တွင်းမှာ လည်း ကြည်နူးနှစ်သိမ့်စွာ ပြုံးမိနေသည် ။

ဆိုင်းသမားအချင်းချင်း ဤသို့နားလည်မှု ပြည့်ဝစွာဖြင့် အပေးအယူ မှျမှျတတ တီးကြမှုတ်ကြရလျှင် တကယ် ကြည်နူးစရာကောင်းပေသည် ။ တစ်ယောက်နှင့်တစ်ယောက် မျက်နှာရိပ် မျက်နှာကဲ ကြည့်ရုံမျှဖြင့် စကားတစ်ခွန်းမဆို၊ ဟန်တစ်ချက်မပြဘဲ အပေးအယူ ညီညွတ်မျှတကြသည် ။ ဒါသည် ဗမာဆိုင်းသမားတို့ တွင် သာ ရှိတတ်သော နားလည်မှုမျိုး ဖြစ်ပေသည် ။

စောင်းအလှည့် ပြီးသွားပြန်သည် ။ "တူမသွေ့ ပါစေမယ်နှင့်သား" အပိုဒ်ကို ဆိုင်းက ပြန်ကျော့သည် ။ ကိုတိုးဝါသည် စခွန့်ချက်ကို သုံးချက်ဒိုးသို့ ကျွမ်းကျင်စွာ ပြောင်းလိုက်သည် ။ သွက်သွက်လက်လက် မြူးမြူးကြွကြွ။

သို့သော် ကိုတိုးဝါ၏ ဒိုးသံသည် ဆူဆူညံညံ ပရမ်းပတာ မဟုတ်ချေ။

ပိရိသေသပ်သော လက်ကျလက်န အောက်တွင် စခွန့်ဒိုး၏ အမသံသည် ဣန္ဒြေရစွာ ထွက်ပေါ်လာနေသည် ။ ကိုတိုးဝါ၏ ဒိုးသံ စီးစီးပိုင်ပိုင် ရှိလှသည် ။ ဒါကြောင့်လည်း သူ့အမည်နှင့် ကာရန်လိုက်၊ ဒိုးဆရာတိုးဝါဟု နာမည်ကြီးပေတာပဲဟု စည်းသုံးချက် စခွန့်ဒိုးချက်ကို နားထောင်ရင်း ခင်ညို ပြုံးမိပြန်သည် ။

ဒိုးချက် မြူးကြွလာသည် နှင့်အမျှ ခုံပေါ်က ကိန္နရီ ကိန္နရာတို့ အကလည်း ပို၍ မြန်လာသည် ။ ရေတံခွန်အောက်ခြေ စမ်းရေအိုင်အနီးသို့ ကိန္နရီ ပြေးသွားသည် ။ ကိန္နရာက လိုက်ဖမ်းပြန်သည် ။ ကိန္နရီသည် လှပစွာ တိမ်းရှောင်ရင်း တောစံပယ်ပန်းရုံဘက်ဆီသို့ ပြေးသွားပြန်သည် ။ ကိန္နရာက လိုက်ဖမ်းပြန်သည် ၊ မမိ။ တောစံပယ်များ ဖြင့် ချစ်သူ၏ ရင်ခွင်ကို ပေါက်ကာ ကိန္နရီပျိုသည် နွယ်ဒန်းရှိရာသို့ လှည့် လာပြီး ဒန်းကို ဝန်းရံ လှည့်ပတ်နေသည် ။ ကိန္နရာသည် ချစ်သူက ကျီစယ်ပစ်ပေါက်ခဲ့သော ပန်းပွင့်များကို လက်နှစ်ဖက်တွင် ဆုပ်ကိုင်ကာ တယုတယ မွှေးကြူသည် ။ ကိန္နရီကို လိုက်မဖမ်းတော့။

ထိုအခါမှ ပင် ကိန္နရီသည် ကိန္နရာအနီးသို့ မရဲတရဲ ချဉ်းကပ်ရင်း စံပယ်တို့ ကို ရှိုက်နမ်းနေသည့် ချစ်သူအား တမေ့တမော ကြည့်နေသည် ။ အချစ်၏ ပရိယာယ်သို့ ကိန္နရီပျို လှပစွာ ကျရောက်သွားခဲ့ပေပြီ။

ချဉ်းကပ်လာသော ချစ်သူ၏ လက်အစုံကို ရုတ်တရက် ဆွဲယူ၍ ကိန္န

ရာသည် ချစ်သူ တစ်ကိုယ်လုံးကို ရင်ခွင်တွင်းသို့ ထွေးပိုက်လိုက်သည် ။

ချစ်ခြင်း၏ လက်နှစ်စုံတို့ တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်မိကြသည် ။

သည် အချိန်မှာ ပင် သီချင်းပိုဒ် တီးလုံးပြောင်းသွားလေသည် ။

အခြား တူရိယာများ မပါ။

ညင်သာသော စည်းဝါးသံကို နောက်ခံပြုလျက် ပတ်ဝိုင်းပင်တိုင်သံ။

"တူပြိုင်လေ ... ဂူလိုဏ် ... စကားသစ္စာတိုင် သံသာလေကမ်းတိုင် ... တူပြိုင်လေကူးမယ် ... ဆုထူးငယ် ... ပန်ရွှယ်သွန်း ... ချစ်လို့ ရယ်တဲ့ မကုန် ... ဝသုန်ဤမြေ ... သိကြားစေ ... သက်သေညွှန်း ..."

လှုပ်ရှားမှုအက မဟုတ်တော့။

ဒိုးချက်သံ၊ စခွန့်သံအလိုက် လှုပ်ရှားရသော အကမျိုး မဟုတ်တော့။

သစ္စာတိုင်တီးလုံးသံကို နောက်ခံပြုလျက် ကိန္နရီ ကိန္နရာတို့ သည် စမ်းရေအိုင်ရှေ့၊ တောစံပယ်ရုံဘေးတွင် မျက်နှာချင်းဆိုင် ထိုင်လိုက်ကြသည် ။ စံပယ်တို့ ကို သီထားသည့် စံပယ်ကုံးကို ချစ်သူတို့ အပြန်အလှန် လည်တွင် ဆင်ပေးကြသည် ။ တစ်ဦး၏ လည်မှ စံပယ်ပန်းကုံးကို တစ်ဦးက တယုတယ မွှေးကြူရှိုက်နမ်းကြသည် ။ စံပယ်ကုံးတို့ သည် လည်းအပူးပူး အယှက်ယှက်၊ ညင်သာသော လက်တို့ သည် လည်း ဖွဖွရွရွ အဆုပ်ဆုပ် အနယ်နယ်။ မျက်နှာကိုယ်စီတွင် ရွှန်းလဲ့သော အချစ်ရည်တို့ ဖိတ်စင်နေသည် ။ မျက်လုံးအစုံတို့ သည် မတင်းတိမ် မရောင့်ရဲသော တပ်မက် တွယ်တာမှုများ ဖြင့် တစ်ခုကိုတစ်ခု ထွင်းဖောက်မတတ် စူးစိုက်ငေးမောကြသည် ။

သစ္စာတိုင် တီးလုံးပတ်ဝိုင်းသံသည် တဖြည်းဖြည်း တိုးမှိန်သွားသည် ။ ရေတံခွန်၊ စမ်းအိုင်၊ ပန်းပွင့်၊ နွယ်ဒန်းတို့ အားလုံး ပျောက်ကွယ်မ

ည်းမှောင်သွားသည် ။ ပူးကပ်ယှက်နွယ်သော စံပယ်ကုံးနှစ်ခု၊ လက်နှစ်စုံ၊ မျက်နှာနှစ်ခုတို့ အပေါ်သို့သာ ပြာလဲ့သောအရောင် ဖြာကျနေသည် ။

အပြာနုရောင် စပေ့ါလိုက်မီး။

ပတ်လုံးသံ၏ အညင်သာ အတိုးတိတ်ဆုံး တီးလုံးအဆုံးတွင် -

အပြာနုရောင် မီးလည်း ဖျတ်ခနဲ ငြိမ်းသွားသည် ။

စမ်းရေစီးသံကဲ့သို့သော ဂီတသံမျိုး၊ ခင်ညို၏ စောင်းကြိုးများမှ ထွက်ပေါ်လာသည့်အခိုက်တွင် ပြည်ဖုံးကားမဟုတ်သော အတွင်းကား တဖြည်းဖြည်း တအိအိ ကျလာသည် ။

အချစ်၏ အထွတ်အထိပ် အခေါင်အဖျား။

ခေတ္တမျှ တိတ်ဆိတ်သွားပြီးမှ ပရိသတ်၏ တဝေါဝေါ သြဘာသံ ညံသွားလေသည် ။

***

စန္ဒရားဝိုင်းက "အိုဗာချာ" အခန်းပြောင်း တီးလုံးကို စတင် တီးမှုတ်လိုက်ချိန်တွင် ခင်ညို ဇာတ်ရုံ အနောက်ပိုင်းသို့ ပြန်ဝင်ခဲ့သည် ။ စောင်းကောက်ကိုမူကား ကတ္တီပါအိတ်နှင့် စွပ်၍ ပြန်ယူလာခဲ့လေသည် ။ စောင်းကောက်ကို တီးဝိုင်းထဲတွင် ထားခဲ့၍ မဖြစ်။ ဤစောင်းကောက်သည် ခင်ညို၏ အလေးစားဆုံး အမြတ်နိုးရဆုံး ပစ္စည်း ဖြစ်သည် ။ နောက်တစ်ခန်းကျော်တွင် တီးရဦးမည် ဖြစ်သော်လည်း အနားရချိန်တွင် စောင်းကို ကိုယ်နှင့်မကွာသာ သိမ်းထားလေ့ရှိပေသည် ။

ဇာတ်ခုံပေါ်သို့ တက်သည့် လှေကားရင်းသို့ ခင်ညို ရောက်ချိန်တွင် "ဗြဟ္မဒတ်မင်းကြီး" သည် လှေကားထစ်ပေါ်သို့ ရောက်နေပေသည် ။

–အာစရိ ကျွန်တော့်မိတ်ဆွေ ဘယ့်နှယ်နေလဲ–

ဗြဟ္မဒတ်မင်းကြီး နေရာမှ ကမည့် မင်းသားလတ် စိန်တခိုင်က ခင်ညိုကို လှမ်းမေးသည် ။ သူ့ကျောတွင် ကြီးမားသော လေးကြီးကို စလွယ်သိုင်းထားလေသည် ။ ဇာတ်ခုံပေါ်မှ ဖြာထွက်လာသော မီးရောင်တွင် စိန်တခိုင်၏ မျက်နှာကို ခင်ညို လှမ်းကြည့်လိုက်သည် ။

–အနီ နည်းသေးတယ်–

–ဒါတောင် အနီရင့် ထပ်ထည့်ထားသေးတာပဲ အာစရိရဲ့ –

–ဟုတ်တယ်၊ မီးရောင်နဲ့ ကျတော့ အဲဒါတွေက ပြေသွားမှာ ပဲ၊ ပြီးတော့ ခင်ဗျားက မေးရိုးကားတဲ့ သူ၊ အဲဒီနေရာကို အနီများများ ဖို့ပေးမှ မီးနဲ့ ကျတော့ ပြေဆင်းသွားမှာ –

–ကျွန်တော်တို့ တော့ ဒီလိုပဲ လိမ်းတတ်တာပဲ–

မင်းသားလတ် စိန်တခိုင်သည် မသိမသာ တင်းမာသော လေသံဖြင့် ပြောရင်း ဇာတ်စင်ပေါ်သို့ တက်သွားလေသည် ။ သူ့ပုဆိုးမှ ရွှေရောင် ဘော်ကြယ်များ သည် ခပ်မှိန်မှိန် မီးရောင်မှာ ပင် ပြိုးပြက်တောက်ပ နေကြသည် ။

စိန်တခိုင်ဇာတ်ခုံပေါ် ရောက်သွားသည် အထိ လှမ်းကြည့်နေပြီးမှ ခင်ညို ခုတင်ရှိရာသို့ ဆက်လျှောက်လာခဲ့သည် ။ ခင်ညို့ ခုတင်မှာ ဇာတ်စင်၏ ညာဘက်ထောင့်တွင် ရှိပေသည် ။ သည် နေရာကို ခင်ညို တမင်း ရွေးယူထားခြင်း ဖြစ်သည် ။ "သုခုမ တံခွန်" ဇာတ်အဖွဲ့ထဲသို့ ခင်ညို မ ရောက်ခင်ကဆိုလျှင် သည် ဇာတ်ခုံ ညာဘက်ထောင့်နေရာ၌ ခေါင်း ဆောင်မင်းသား ရွှေဟသာ်စိန်မြိုင်၏ ခုတင်ရှိသည် ။ အခြား ဇာတ်သမ များ ထက် သုံးဆခန့် ပို၍ ကျယ်သော ခုတင်ဖြင့် ရှေ့နားတွင် ဧည့်ခံပွဲ၊ ဧ ည့်ခန်း ကုလားထိုင်လေးလုံးခင်းလျက် သားသားနားနား နေခဲ့သည် ။ ဇာတ်ရုံနောက်ပိုင်း ဇာတ်ခုံရှိရာသို့ နောက်ပေါက်မှ ဧည့်သည် တစ်စုံတ စ်ယောက် ဝင်လာလျှင် ရွှေဟသာ်စိန်မြိုင်၏ နေရာကို အထင်အရှားဆုံး တွေ့ရသည် ။

ခင်ညို ရောက် လာပြီး နောက်တွင် ကား သည် ညာဘက်ထောင့်နေ ရာကို ရွှေဟသာ်စိန်မြိုင် နေခွင့်မရတော့။ ညာဘက်ထောင့်၏ ရှေ့နား ကျကျ ညာဘက်ဘေးသို့ ရွှေဟသာ်၏ ခုတင်ကို ရွှေ့ပြောင်းစေလိုက်သ ည် ။

ညာဘက်ထောင့်နေရာကို ခင်ညို အပိုင်စီးလိုက်ရခြင်းအတွက်ကလ ည်း တစ်ဖွဲ့လုံးသို့ ကျိုးကြောင်းဆီလျော်စွာ ရှင်းပြခဲ့သည် ။ စောစောပိုင်းက တင်းမာနေခဲ့ကြသော်လည်း နောက်ဆုံးတွင် ကား ခင်

ညို၏ အလိုကို ဇာတ်ပိုင်ရှင်ကိုယ်တိုင်က လက်ခံခဲ့ပေသည် ။ ခင်ညို၏ ခုတင်ရှိရာ ညာဘက်ထောင့်မှ ကြည့်လျှင် တစ်ဆက်တည်းရှိနေသော ယိမ်းမင်းသားလေးများ ၏ ခုတင်များကို အစီအရီ မြင်နိုင်သည် ။ ထို့နောက် စန္ဒရားဝိုင်းက တီးဝိုင်းသမားများ ၏ ခုတင်များ ရှိနေသည် ။ ခင်ညို့ခုတင်မှ ဘယ်ဘက်ကျောသို့ ကြည့်လျှင်လည်း မင်းသားကြီး၊ မင်းသားကြမ်း၊ လူပြက်၊ မင်းသားလတ် စသည့် အရွယ်ရောက်ပြီး လူကြီးများ ၏ ခုတင်များကို မြင်နိုင်သည် ။

ပြီးတော့ ဇာတ်စင်ကို ကျောပေးလျက် နောက်ဘက်တည့်တည့်တွင် ရှိသော ယိမ်းသမလေးများ ၏ ခုတင်များကိုလည်း မျက်နှာချင်းဆိုင် တွေ့နိုင်သေးသည် ။ ဇာတ်စင် လက်ဝဲဘက်ခြမ်းရှိ အိမ်ထောင်သည်များကိုလည်း ဇာတ်ခုံမြင့်လျှင် လှမ်းမြင်နိုင်သေးသည် ။ ဒါတင်မက ဇာတ်ခုံပေါ်ကိုလည်း ခင်ညို့ခုတင်ဆီမှ တွေ့နိုင်သည် ။ ဇာတ်ခုံပေါ်တက်သည့် လှေကားမှ အစ ရှေ့ဆုံး ပြည့်ဖုံးကား၏ ဘေးရှိ မီးမောင်းစက်အထိ။

တစ်ဖွဲ့လုံး တစ်ခွင်လုံးကို ခြုံမြင်နိုင်သော နေရာဖြစ်သည့်အတွက် ခင်ညို၏ ညာဘက်ထောင့်နေရာကို မရမက ရွေးယူခဲ့ခြင်း ဖြစ်လေသည် ။ အထူးသဖြင့်ကား ဇာတ်ခုံကို ကျောပေးထားသည့် ယိမ်းသမလေးများ ၏ ခုတင်များ နှင့် ညာဘက်ခြမ်းက ယိမ်းမင်းသား၊ တီးဝိုင်းဆရာတို့ ၏ ခုတင်များ အကြားတွင် ခင်ညို့ခုတင်ရှိလေသည် ။ သို့ဖြင့်ပင် သူတို့ သူတို့ တစ်တွေ၏ လှုပ်ရှားမှုအားလုံးကို မျက်ခြည်မပြတ် စောင့်ကြည့်ခွင့် ရနိုင်သည် ။

ခုတင်ပေါ်ရှိ ပြန့်ကျဲနေသော စာအုပ်များကို ခေါင်းရင်းဘက်သို့ တွန်းဖယ်ရင်း ခင်ညို ခုတင်ထက်သို့ ဝင်ထိုင်သည် ။ ပြာခွက်ထဲက ဆေး

ပေါ့လိပ်တိုကို မီးကောက်ညှိသည် ။ အပေါ်အင်္ကျီ ကြယ်သီးများကို ဖြုတ်၍ စာအုပ်တစ်အုပ်ဖြင့် ယပ်ခတ်နေမိသည် ။ လယ်ကွင်းပြင်တွင် ဆောက်ထားသော ဇာတ်ရုံဖြစ်သော်လည်း လေငြိမ်သဖြင့် ပူအိုက်နေလေသည် ။

–မောင်ခင်ညို ယပ်တောင် ယူမလားဟေ့၊ ရော့–

ဘေးခုတင်မှ မင်းသားကြီး ဦးစိန်ဘန်းက နှီးချောယပ်တောင်တစ်ခု လှမ်းပေးသည် ။ ဦးစိန်ဘန်းသည် ဝန်စိမ်းသိုရင်းပွကြီးကို ဝတ်ထားပေသည် ။

–ကျေးဇူးပဲ အဘရေ … တော်တော် အိုက်တာပဲ–

–အင်း … ငါ့မျာ: အားနာပါဦးတော့–

ဝန်ကြီးသိုရင်း အင်္ကျီစိမ်းလက်ကြီးကို မြှောက်ပြရင်း ဦးစိန်ဘန်းက ဆိုသည် ။

အရေးအကြောင်းတို့ ယှက်ဖြာသော သူ့နဖူးထက်တွင် လည်း ချွေးစတို့ သီးနေလေသည် ။ ခုံပေါ် မီးရောင်အောက်ရောက်လျှင် ပို၍ အိုက်ပေမည်။ ချွေးတို့ ရွှဲနစ်နေပေမည်။

–အဘက ကိစ္စမရှိပါဘူး၊ ဘယ်လောက်ပူပူ ရတယ်မို့လား–

–အေး … ဒါကတော့ ဟုတ်တယ်ကွ၊ ကုသိုလ်ကံ အကျိုးပေးကိုက အပူကို ခံနိုင်တဲ့ လူ လာဖြစ်နေတာကိုး ဟား … ဟာ–

ဦးစိန်ဘန်းက တဟားဟား အော်ရယ်လေသည် ။ ဦးစိန်ဘန်းမှာ ပန်းနာရောဂါ ရှိသူ ဖြစ်သည် ။ အပူဒဏ်ကို ခံနိုင်သော်လည်း နည်းနည်းအေး လာပြီဆိုလျှင် ချွဲကျပ်ပြီး ပန်းနာထလာကာ မော လာလေ့ရှိသည် ။ ရှမ်းပြည်ပွဲချီများ ဆိုလျှင် ဦးစိန်ဘန်းတစ်ယောက် ကောင်းကောင်း မထ

နိုင်ပေ။

ဦးစိန်ဘန်း ပေးသော ယပ်တောင်ဖြင့် ခင်ညိုက တဖျတ်ဖျတ် ယပ်ခတ်နေချိန်တွင် စန္ဒရားဝိုင်းမှ အခန်းပြောင်း တီးလုံးပြီးသွားသည် ။ "အချစ်၏ တန်ခိုးတော် အနန္တ" ကဇာတ် ဒုတိယပိုင်း အဆင်သင့် ဖြစ်နေပြီ။ မြဝတ်ရည်၏ ကြေညာသံသည် အသံချဲ့စက်မှ တစ်ဆင့် လွင့်ဝဲလာသည် ။

–ယခု ဆက်လက်ပြီး အချစ်၏ တန်ခိုးတော် အနန္တကဇာတ် ဒုတိယပိုင်းကို ဆက်လက် တင်ဆက်ပါတော့မယ်။ ဗာရာဏသီတိုင်းပြည်ကို စိုးစံတော်မူးတဲ့ ဗြဟ္မဒတ်ဘုရင်ကြီးဟာ မင်းကျင့်တရားနဲ့ အညီ တိုင်းပြည်အုပ်ချုပ်မင်းလုပ်ခဲ့ပြီး ပြည်သူပြည်သားတို့ ၏ ချစ်ခင်လေးစားမှုကို ခံယူနိုင်ခဲ့ပေမယ့် တစ်ချိန်သောအခါမှာ ဓာတ့ မင်းကြီးရဲ့ ထီးနန်းကို အကောက်ကြံ နန်းစံလိုသော ညီတော်၊ အိမ်ရှေ့ဟာ နောင်တော်ဘုရင်ရဲ့ သီလသမာဓိကို ချိုးဖျက်၊ တိုင်းပြည်က နှစ်သက်ကြည်ညိုနေမှုကို ဖျက်ဆီးမယ်ဆိုတဲ့ အကြံနဲ့ မင်းကြီးတရားပျက်အောင် ကြံစည်အားထုတ်ပါတော့တယ်။ ညီတော် အိမ်ရှေ့ရဲ့ ဖျက်ဆီးသွေးဆောင်မှုအောက် ကျရောက်ခဲ့ရတဲ့ မင်းကြီးဟာလည်း သေရည်အရက်ကို စွဲလမ်း၊ တောစခန်းမှာ တောလိုက်ကစားရခြင်းကို နှစ်သက်တပ်မက်သွားခဲ့ပြီ—

ကြည်ကြည်ဝေ၏ အသံသည် ခင်ညို လိုချင်သည့်အတိုင်း ဆွဲဆောင်မှုရှိသော အနိမ့်အမြင့် အသံဖြစ်ပေသည် ။ တကယ်တော့ ဤကဇာတ်သည် မြန်မာပွဲကြည့် အများ ထု သိပြီးဖြစ်သော ဇာတ်ကျောရိုး ဖြစ်သည် ။ စန္ဒကိန္နရီဇာတ်၊ ကိန္နရီ ကိန္နရာတို့ ချစ်ခြင်းကို ဘုရင်က လေးဖြင့်ခွင်း၊ ကိန္နရာဖို သေဆုံးပြီးနောက် ကိန္နရီပျိုကို ဘုရင်က ချစ်ရေးဆို၊ ကိန္နရီက ချစ်သူအလောင်းကို ပွေ့လျက် သစ္စာဆို၊ သိကြားမင်း ဆင်း လာပြီး ကိန္န

ရာဖိုကို အသက်သွင်း၊ ဘုရင် အမြင်မှန်။

သို့သော် ဤဇာတ်ကျောရိုးကို ခင်ညိုသည် စန္ဒရား ကိုမောင်ကြိုင်ဇာတ်ထဲက စာရေးဆရာကြီး ဦးနဂါးတို့ နှင့် တိုင်ပင်လျက် "အကဇာတ်" ပုံစံဖြင့် ဆန်းသစ်တီထွင် ကြည့်ထားခြင်း ဖြစ်သည် ။

ကိန္နရီ ကိန္နရာတို့ ကို လေးဖြင့်ခွင်းမည့် ဗြဟ္မဒတ်မင်းကြီးအကြောင်းကို အကဇာတ်၏ ဒုတိယပိုင်းတွင် ဇာတ်လမ်းတိုတစ်ခုအဖြစ် ပေါင်းစပ်ထားသည် ။ သေရည်ကိုစွဲလမ်းပြီး သမင်သား စားလိုသောဆန္ဒဖြင့် မကျန်းမမာဖြစ်နေသော မိဖုရားကြီး၏ တောင်းပန်ချက်ကို ငြင်းပယ်ကာ နန်းတော်မှ တောအုပ်သို့ တောကစားထွက်ခဲ့ပုံ၊ နောက်ဆုံး ကိန္နရီ ကိန္နရာတို့ အချစ်ကို တွေ့ရပြီးမှ သတိသံဝေဂကြီးစွာဖြင့် နန်းတော်သို့ ပြန်ခဲ့ပုံ၊ သို့သော်လည်း တောကစားပြန်ဘုရင်ကြီးကို ဆီးကြိုသော မိဖုရားကြီးမှာ ခင်ပွန်းဖြစ်သူ၏ လျစ်လျူရှုစိမ်းကားမှုဖြင့် ဝေဒနာစွဲကပ်နေပြီဖြစ်၍ ဘုရင်ကြီး၏ ရင်ခွင်ထဲမှာ ပင်ကွယ်လွန်သွားခဲ့ပုံ၊ မိဖုရားကြီး၏ ရုပ်အလောင်းကို ရင်ခွင်ထဲတွင် ထွေးပိုက်လျက် နောင်တကြီးစွာ ရမိနေသော ဘုရင်ကြီး၏ စိတ်အာရုံတွင် ကိန္နရီ ကိန္နရာတို့ ရုပ်သွင် ထပ်ဟပ်လာပုံ။

"အချစ်၏ တန်ခိုးတော် အနန္တ" သည် သုခမတံခွန်အဖွဲ့သို့ ခင်ညိုရောက် လာပြီး ပထမဆုံး စမ်းသပ်ကြည့်သော သုံးပိုင်းပါဝင်သည့် အကဇာတ်ဖြစ်သည် ။ အဆိုအပြောမပါဘဲ တီးလုံးနှင့်အက လှုပ်ရှားမှုသက်သက်ဖြင့် သရုပ်ဖော်ထားသည့် အကဇာတ်ဖြစ်သည် ။

–ဆရာလေး နှုတ်ခမ်းမွေး ဘယ့်နှယ်နေသလဲ၊ ကြည့်ပါဦး—

ခင်ညို့ ခုတင်ခြေရင်းသို့ လူတစ်ယောက် ရပ်လာသည် ။ ပြိုးပြိုးပြက်သော မင်းညီမင်းသား အဝတ်အစားနှင့် ဖြစ်သည် ။ ခေါင်းတွင် တစ်

စထောင် ရွှေခြည်ခေါင်းပေါင်း၊ ကိုယ်တွင် ဓားကို လွယ်လျက် လက်တွင် ဝါးကျည်တောက်ကို ဆွဲထားသည် ။

သူကား ဗြဟ္မဒတ်မင်းကြီး၏ ညီတော် အိမ်ရှေ့မင်းသားမှ က,မည့်လူကြမ်း ကိုစံဖဲ။ ကိုစံဖဲ၏ ရုပ်သွင်သည် ခွင်ထဲက မီးရောင်အောက် မဟုတ်ဘဲလျက်ပင် ခက်ထန် ကြမ်းကြုတ်သောအဆင်းကို ဆောင်နေပေသည် ။

–အစွန်းနှစ်ဖက်ကို အပေါ်နည်းနည်းထောင်အောင် လုပ်လိုက်ဦး ကိုစံဖဲ—

ကိုစံဖဲသည် ခင်ညို့ခုတင်တွင် ဝင်ထိုင်ရင်း ဦးစိန်ဘန်းဆီမှ မုန်ကို ယူ၍ သူ့နှုတ်ခမ်းမွှေးကို ပြုပြင်နေသည် ။ အစွန်းနှစ်ဖက်ကို အပေါ်သို့ ကော့စေရန် လက်နှင့် သပ်ယူသည် ။ သို့သော် နှုတ်ခမ်းမွှေးသည် ကုပ်မြဲကုပ်လျက် ရှိနေလေသည် ။ ယခင်ကမူ ကိုစံဖဲသည် ဇာတ်သမားတို့ အသုံးများ သည့် သံချိတ်အကုပ်နှစ်ချောင်းပါသော နှုတ်ခမ်းမွှေးအတုကိုသာ သုံးခဲ့ဖူးသည် ။ ယခုလို ဆံပင်များကို ညှိဖြတ်၍ ကော်နှင့်ကပ်သော နှုတ်ခမ်းမွှေးမျိုးကို မသုံးဖူးခဲ့။ ခင်ညို ရောက် လာပြီးမှ သာ နှုတ်ခမ်းမွှေးတပ်ရမည့်သူများကို သံချိတ်ကုပ် မသုံးစေဘဲ ကော်ကပ်ကို သုံးစေခြင်း ဖြစ်သည် ။ သံချိတ်ကုပ်သည် အဆင်မသင့်လျှင် ပြုတ်ကျတတ်လေသည် ။

–ဒီအတိုင်း ကော့လို့ ဘယ်ရမလဲ ကိုစံဖဲ၊ ဒီနားလာ ကျွန်တော် ကုပ်ပေးမယ်—

ကိုစံဖဲက ခင်ညို့အနီးသို့ ရွှေ့သည် ။

ကော်ဘူးထဲမှ ကော်ယူ၍ ကိုစံဖဲ၏ နှုတ်ခမ်းမွှေး အဖျားနှစ်ဖက်ကို အပေါ်သို့ ကော့သွားအောင် ပြုပြင်ပေးလိုက်သည် ။

–ကိုင်း ... ရပြီဗျို့၊ မှန်ထဲမှာ ကြည့်–

ကိုစံဖဲက မှန်ကို မျက်နှာရှေ့တွင် ထောင်ကြည့်သည် ။

–ဟား ... ဟား ... ဟား တော်တော် မသတီစရာရုပ်ကို ဖြစ်သွားတာပဲ။ ကျုပ်မျက်ခွက် ဒီလောက် အပေါက်ဆိုးမှန်း ကျုပ် အစက မသိဘူး၊ ဟား ... ဟား ... ဟား–

–ကဲ ... သွားတော့ ကိုစံဖဲ၊ ရွှေညီလာတီးလုံး ဆုံးခါနီးနေပြီ–

လူကြမ်း ကိုစံဖဲသည် တဟားဟားရယ်လျက် ဇာတ်ခုံပေါ် တက်သွားလေသည် ။ တကယ်လည်း ကိုစံဖဲ မျက်နှာပေါက်မှာ လူကြမ်းလုပ်စားရန် မွေးလာသူဟု ဆိုရလောက်အောင် မျက်နှာပေါက် ဆိုးလေသည် ။ လေးထောင့်မျက်နှာတွင် မေးရိုးသည် ကားနေပြီး လည်ပင်းတုတ်ခိုင်သည် ။ ကိုယ်လုံးကိုယ်ပေါက်မှာ လည်း ပုကွကွ၊ ဂင်တိုတို၊ သူ့အသံမှာ လည်း ခပ်စူးစူး ခပ်အက်အက်။

သည် အထဲတွင် "သုခုမ တံခွန်" ထဲသို့ ပြီးခဲ့သည့် လ,ကမှ လိုက်ပါလာသော မင်းသားလတ် ရွှေဘိုဝင်းသည် မိတ်ကပ်ပညာကို စနစ်တကျ တတ်ကျွမ်းသူ ဖြစ်သည် ။ သုခုမတံခွန်သို့ မဝင်မီက ရွှေဘိုဝင်းသည် ယဉ်ကျေးမှုကဇာတ်တွင် အလုပ်လုပ်ဖူးသည် ။ ယဉ်ကျေးမှုကဇာတ်ထွက်ပြီးပြီ။ မိတ်ကပ်ကို ဇာတ်ရုပ်နှင့်လိုက်ဖက်အောင် လိမ်းတတ်သည် ။ ရွှေဘိုဝင်း ရောက် လာပြီးနောက်တွင် ခင်ညို၏ အစီအမံဖြင့် အရေးကြီးသော ဇာတ်ရုပ်များကို ရွှေဘိုဝင်းအား မိတ်ကပ်လိမ်းစေခဲ့သည် ။ ယခု ကိုစံဖဲကိုလည်း ရွှေဘိုဝင်းက မိတ်ကပ်လိမ်းပေးလိုက်ပေသည် ။ နဂိုက မျက်နှာပေါက်ဆိုးသော လူကြမ်း ကိုစံဖဲ၏ မျက်နှာသည် ရွှေဘိုဝင်း၏ မိတ်ကပ်ဖြင့် သူ ပြောသလို မသတီစရာ မျက်ခွက် ဖြစ်သွားခြင်းပင်။

ကဇာတ် ဒုတိယပိုင်းတွင် ခင်ညို တီးဝိုင်းထဲသို့ ဆင်းစရာမလိုပေ။ နန်းတွင်း ယိမ်းအကများ နှင့် အခြား ဇာတ်ဝင်တီးလုံးများကို ဆိုင်းဝိုင်းမှ တီးရမည်ဖြစ်သည် ။ စန္ဒရားဆရာ ကိုမောင်ကြိုင်လည်း ရှိနေသည် ။ ကိုမောင်ကြိုင်သည် မျက်နှာလွှဲ အားထားရသော တီးဝိုင်းခေါင်းဆောင်တစ်ယောက် ဖြစ်ပေသည် ။

ခုံပေါ်တွင် ဒုတိယပိုင်း ဆက်ကနေပြီ။

ရွှေညီလာကို ပတ်ဝိုင်းမှ ပင်တိုင်တီးပေးနေသည် ။

မိဖုရားခေါင်ကြီးသည် ချစ်စွာသော ဗြဟ္မဒတ်မင်းကြီးအလာကို အဆောင်တော်မှ စောင့်ကြိုနေပေပြီ။ မောင်းမမိဿံ ကိုယ်လုပ်တော်များက အထူးထူးသော ဖျော်ဖြေမှုတို့ ဖြင့် မိဖုရားကြီးကို ဖျော်ဖြေနေသော်လည်း သေရည်နှင့် အမဲမှ အပ အရာခပ်သိမ်းကို စွန့်ပစ်မေ့ပျောက်ခဲ့ပြီးဖြစ်သော မင်းကြီးအတွက် ထိခိုက်ကြေကွဲရသော နှလုံးတို့ ဖြင့် သဉ္ဇာလီပေါ်တွင် ဗုန်းဗုန်းလဲခဲ့ရချေပြီ။

ချစ်သူ၏ စွန့်လွှတ်မှု။

ချစ်သူ၏ စွန့်လွှတ်မှုကို ခံယူရသည့်ကိုယ့်။

***

တုံ့ဆိုင်းသော လက်တို့ ဖြင့်ပင် သေတ္တာကို ဖွင့်မိသည် ။

အနွေးထည်များ အောက် သေတ္တာ၏ အောက်ဆုံးအံကို ဆွဲထုတ်လိုက်သော ခင်ညိုလက်တို့ မသိမသာ တုန်ယင်နေကြသည် ။ အိပ်မက်ထဲတွင် တစ္ဆေနှင့် မျက်နှာချင်းဆိုင် တွေ့ရပြီ။ နောက် အခြားတစ်ပါးသို့ ထွ

က်မပြေးမိဘဲ တစ္ဆေနှင့် ပို၍ ပို၍ နီးသွားအောင် တရွေ့ရွေ့ တိုးကပ်သွား နေမိသည့်နှယ်။

အိမ်မက်။ တစ္ဆေ။

ဖြစ်နိုင်သည် ။ အိပ်မက်လို့ လည်း ဆိုနိုင်မည်။ တစ္ဆေလို့ လည်း ဆိုနိုင်မည်။ အိပ်မက်ဆိုသည် မှာ ဝိုးတဝါး ဆန်လှသော အာရုံလွင့်ခြင်း အဓိပ္ပာယ်။ တစ္ဆေဆိုသည် မှာ ခြောက်လှန့်တတ်ခြင်း အဓိပ္ပာယ်။ ဝိုးတဝါးအတိတ်တို့ ၏ ခြောက်လှန့်ခြင်း။ တစ်နည်းမူ အကြောင်းမလှသော အတိတ်ဖြစ်ရပ်တို့ ၏ စိမ့်ဝင်ထိုးနှက်မှု။

သေတ္တာအောက်ဆုံးအံကို ဖွင့်လိုက်သောအခါ အထဲမှ နက်မှောင်သော ယွန်းဘူးငယ်တစ်ခု ထွက်လာသည် ။ ဘူးငယ်မှ ယွန်းသစ်စေးနံ့သည် လတ်လတ်ဆတ်ဆတ် ကြိုင်လှောက်နေဆဲ။ ယွန်းနက်ပေါ်က ငွေရောင် ပန်းကနုတ်များ သည် စိုပြည်ဝင်းနေဆဲ။

ညှို့လှပသော ယွန်းနက်ဘူးထဲတွင် အိပ်မက်တစ်ခု၏ တစ္ဆေ ရှိနေသည် ။

အိပ်မက်တစ်ခု၏ တစ္ဆေ။

တစ်ခုပဲ ခြားနားသည် ။ ယွန်းနက်ဘူးထဲက အိပ်မက်သည် အိပ်ရာမှနိုးပြီးနောက် မေ့ပျောက်သွားတတ်သော အိပ်မက်မျိုးမဟုတ်ဘဲ ဘဝတစ်ခုလုံး၏ အရေးပါသော အဆစ်အကွေ့က မေ့ပျောက်မရနိုင်သည့် အိပ်မက်မျိုး ဖြစ်နေသည် ။

ပြီးတော့ တစ္ဆေ ဆိုသည် ကလည်း ကြောက်လန့်တုန်လှုပ်ဖွယ်သော ခြောက်လှန့်မှုမျိုးဖြင့် ပေါ်လာသည့် တစ္ဆေ မဟုတ်ဘဲ လှပသော တစ္ဆေ ဖြစ်နေသည် ။ အလှအပတို့ ဖြင့် ခြောက်လှန့်တတ်သော တစ္ဆေ ဆိုသည်

မှာ လောကတွင် တကယ်ရှိသည် ။ ဤ ယွန်းနက်ဘူးငယ်ထဲတွင် -

ကြမ္မာတစ်စုံတစ်ရာ၏ ဖိစီးပြဋ္ဌာန်းခြင်းကို ခံနေရသူလို ခင်ညို့လက်များ ယွန်းဘူးအဖုံးကို မိမိဘာသာ အလိုမတူဘဲ ဖွင့်မိသည် ။

ခရမ်းပြာ ဖဲစဖြင့် ပတ်ချည်ထားသော စာအိတ်များ ။

စာအိတ်အပေါ်ထောင့်တွင် "ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်၊ ရန်ကုန်" ဟူသော စာလုံးများ နှင့် တက္ကသိုလ် အမှတ်တံဆိပ်၊ စာအိတ်ပေါ်တွင် အပြာရောင်မင်ဖြင့် "သို့၊ ကိုခင်ညို၊ အခန်း၊ စစ်ကိုင်းဆောင်၊ တက္ကသိုလ် စာတိုက်၊ ဝ/သတက္ကသိုလ်၊ ရန်ကုန်" ဟူသော လိပ်စာ။

ခရမ်းပြာရောင် ဖဲစကို ဖြည်ရန် လက်ပြင်လိုက်ပြီးမှ ခင်ညို့လက်တို့ ရုတ်တရက် ပြန်၍ တွန့်ဆုတ်သွားသည် ။ အဆိပ်ရှိသော အရာတစ်ခုခုကို ထိကိုင်မိသည့်အလား လက်ကို ပြန်ရုပ်သည် ။ ဘူးအဖုံးကို ပြန်ပိတ်သည် ။ သေတ္တာအံကို အထဲသို့ ပြန်သွင်း၊ အဝတ်များကို အပေါ်က ထပ်ဖိ ၊ သေတ္တာအဖုံးကို ပြန်ပိတ်။

မဆိုစလောက် လှုပ်ရှားမှုလေးအတွက် ရင်တွင်း၌ မောဟိုက်ခြင်းကို ခံစားရမိသည် ။ ပိတ်သွားသော သေတ္တာအဖုံးပေါ်သို့ လက်ကိုတင်ထားရင်း ကိုယ့်ကိုယ်ကိုယ် မကျေမနပ် ဖြစ်နေမိသည် ။ တဒင်္ဂမျှ ကင်းစင် လွင့်ပျောက်သွားခဲ့ရသည့် သတိတရားတို့ ကို ကြိုးစားတည်ဆောက်လိုက်သည် ။ ဘာကြောင့် ဒီယွန်းသေတ္တာဘူးကို ဖွင့်ရမှာ လဲ၊ ဘာကြောင့် ခရမ်းပြာ ဖဲစကို ဖြည်ရမှာ လဲ၊ ရေခြားမြေခြား ကမ္ဘာလောကချင်းခြားခဲ့တဲ့ တစ်ဖက်စီက ဘဝတစ်ခုကို ဘာကြောင့် တူးဖော်ရမှာ လဲ။

"သုခုမ တံခွန်" အဖွဲ့တွင် အလုပ်လုပ်မည်ဆိုကတည်းက ဘဘ ပြောခဲ့ဖူးသည် မဟုတ်လား။

–ငါ့သား အနုပညာသမားရဲ့ အသည်းနှလုံးဟာ ဘာအကြောင်းနဲ့ မှ နူးညံ့သိမ်မွေ့မနေရဘူး။ လုပ်တဲ့ အလုပ်က အနုပညာ၊ တွေးရတဲ့ စိတ်ကူးစိတ်သန်းကလည်း အနု၊ ဖန်တီးထုတ်လုပ်ရတာကလည်း အနု၊ အဲဒါကြောင့် အသည်းနှလုံးကပါ နုနုနယ်နယ် ဖြစ်ရမယ် ဆိုရင်တော့ အဲဒါ မှားပြီးသာ မှတ်ပေတော့၊ မင်းလဲ ခေတ်ပညာတတ်တစ်ယောက်ပဲ၊ ဘဘ ရှည်ရှည်ဝေးဝေး ပြောစရာမလိုဘူးထင်တယ်။ အနုပညာသမားရဲ့ အသည်းနှလုံးဟာ နုနယ်သိမ်မွေ့ မနေရဘူး၊ ဒီလိုဆိုလိုက်လို့ ကြမ်းတမ်းခက်ထန်ရမယ်လို့ လည်း မဆိုလိုဘူး။ နုနယ်သိမ်မွေ့ခြင်းနဲ့ ဆက်စပ်နေတဲ့ တစ်ဖက်နေရာမှာ အားနည်း ပျော့ညံ့ခြင်းဆိုတာ ရှိနေတယ်။ အနုပညာသမား အသည်းဟာ အားကောင်းမောင်းသန် ရှိရမယ်၊ သန်စွမ်းကြံ့ခိုင်ရလိမ့်မယ်၊ ငါ့သားကို ဘဘ ဥပမာ နှစ်ခု ပြောပြမယ်၊ အင်မတန် နူးညံ့သိမ်မွေ့ပြီး အင်မတန် အသေးစိတ်တဲ့ သံထည်ပစ္စည်း ကိရိယာ အသုံးအဆောင်လေးတွေကို ထုတ်လုပ်တဲ့ တွင် ခုံဟာ သူကိုယ်တိုင်က နူးညံ့သိမ်မွေ့သလား၊ မဟုတ်ဘူး ၊ သူကိုယ်တိုင်ကတော့ အားကောင်းမောင်းသန် ရှိရပေတယ်၊ ပြီးတော့ ကျန်းမာဝဖြိုးတဲ့ ရင်သွေးငယ်ကို မွေးဖွားသန့်စင်ပေးတဲ့ မိခင်တစ်ယောက်ကို ကြည့်စမ်း၊ သူကိုယ်တိုင်ဟာ အားအင်ပြည့်ဖြိုး သန်စွမ်းနေရပေတယ်။ အနုပညာသမားရဲ့ နှလုံးဟာ တွင် ခုံလိုပဲ မိခင်တစ်ယောက်လိုပဲ—

သက်ပြင်းတစ်ချက်ကို လေးနက်စွာ ရှိုက်မိသည် ။

ဘဘ၏ အမှာ စကားကို နှလုံးသွေးနှင့်အတူ ကောင်းစွာ လှည့်ပတ်နေစေရန် အားယူလိုက်ခြင်းလည်း ဖြစ်နိုင်ပေမည်။

–ဒီအချိန်ဟာ အလုပ်ချိန်၊ အလုပ်ချိန်မှာ ဘာကြောင့် ငါဟာ တွေဝေငေးငိုင်နေရမှာ လဲ—

ခင်ညို ခုတင်ထက်မှ ဆင်းခဲ့သည် ။

ဘေးခုတင်မှ ဦးစိန်ဘန်းလည်း မရှိတော့။ ဇာတ်ခုံပေါ် ရောက်နေလေပြီ။ ခွင်ထဲသို့ ရောက်နေလေပြီ။ မျက်နှာချင်းဆိုင်နေရာမှ ယိမ်းသမလေးများ ၏ ခုတင်တိုင်းလည်း လူရှင်းနေသည် ။ နန်းတွင်းယိမ်းအတွက် သူတို့ အားလုံး အလုပ်ခွင် ဝင်နေကြပြီဖြစ်သည် ။

လက်ယာဘက်ရှိ ခုတင်များမှ ယိမ်းမင်းသားလေးများကတော့ နောက်တစ်ခန်းအတွက် အဝတ်အစားများ လဲနေသည် ။ တစ်စထောင်ခေါင်းပေါင်းများကိုချွတ်လျက် ရဲမက်မောက်တိုများကို ဆောင်းရင်းမှန်ကြည့်နေကြသည် ။

ခင်ညို ဇာတ်ခုံပေါ် ပြန်တက်ခဲ့သည် ။

ဆက်တင်ခေါင်းဆောင် ကိုဘတိုးက တတိယပိုင်းအတွက် တောတောင်သစ်ပင်များ ပါသော ပိုက်ကြိုးကားကိုဆင်ရင်း တပည့်များ နှင့် အလုပ်ရှုပ်နေသည် ။

သုခမတံခွန်၏ အဖွဲ့သားအားလုံး ကိုယ်စီ အလုပ်ရှုပ်နေကြချိန်တွင် စောစောက ယွန်းဘူးသေတ္တာကို ဖွင့်ခဲ့မိသည့် မိမိ၏ အဖြစ်အတွက် မိမိကိုယ်မိမိ ရှက်ရွံ့နေမိလေသည် ။ မသိမသာ ကပ်ငြိခိုဝင်နေဆဲဖြစ်သော စိတ်အတွေးတို့ ကို ခင်ညို ဖယ်ထုတ်လိုက်သည် ။

–အားလုံး ပြီးခဲ့ပြီပဲ–

မီးမောင်းစက်ခုံအနီးသို့ ခင်ညို ရောက်သွားချိန်တွင် ခွင်ထဲ၌ နန်းတွင် သူလေးများ ၏ ပန်းခြင်းယိမ်းအက ကနေပြီဖြစ်သည် ။ ယိမ်းသမ ရှစ်ယောက်၊ ပန်းခြင်းကိုယ်စီဖြင့်။ ဝဲယာထက်အောက် ပန်းခြင်းများကို ဝှေ့ယမ်းလျက် ဘုရင်ကြီးနှင့် မိဖုရားကြီးကို ဖျော်ဖြေနေကြသည် ။ တီးလုံး

ကား "ကျွန်းကျွန်းပိုင်သ" ကို ဒိုးဆစ်ခပ်မြူးမြူးဖြင့် မွမ်းမံထားသော တီးလုံးဖြစ်သည် ။

ဗြဟ္မဒတ်မင်းကြီးသည် မိဖုရားကြီး၏ သဇ္ဈာလီပေါ်တွင် ထိုင်နေသော်လည်း ရှေ့မှောက်မှ ဖျော်ဖြေမှုကို မကြည့်ဘဲ မျက်နှာလွှဲထားသည် ။ နန်းတွင်းသူတို့ ၏ အလှနှင့်အကကို စက်ဆုပ်ရွံရှာဟန်ဖြင့် ဥပေက္ခာပြုထားသည် ။ မိဖုရားကြီးကား ကြုံတောင့်ကြုံခဲ အဆောင်တော်သို့ ရောက်လာသည့် ဘုရင်မင်းမြတ်အတွက် ပြာပြာသလဲ ပြုစုချော့မော့နေလေသည် ။ သို့သော် ဘုရင်ကြီးကား အားလုံးကို အလိုမကျဟန်ဖြင့် မျက်နှာလွှဲထားလေသည် ။

တီးလုံး ရုတ်တရက် ပြောင်းသွားသည် ။

ယိမ်းအက တီးလုံးအဆုံးတွင် ခက်ထန်ကြမ်းကြုတ်မှုကို ကိုယ်စားပြုသည့် ခြောက်ပေါက်သံ တီးလုံး။ တီးလုံးအသွားထဲမှာ ပင် ဘုရင်ကြီး၏ ညီတော် အိမ်ရှေ့မင်းသား ခွင်ထဲသို့ ဝင်သွားသည် ။ အိမ်ရှေ့မင်းသား အပေါ်သို့ မီးအနီရောင် ပက်ဖြန်းပေးထားသည် ။ ကိုစံဖဲ၏ ရုပ်အသွင်သည် စက်ဆုပ်ရွံရှာစရာ ဖြစ်နေပေသည် ။

အိမ်ရှေ့မင်းသားသည် အဆောင်တော်ထဲမှ မောင်းမကိုယ်လုပ်တော်များ အားလုံးကို မောင်းထုတ်လိုက်သည် ။ ထို့နောက် နောက်တော်ပါး တစ်ယောက်ဆီက ရွှေတလောင်းနှင့် ရွှေခွက်ကို ယူ၍ ဘုရင်ကြီးကို လှမ်းပေး လိုက်လေသည် ။ သေရည်ကို တွေ့မြင်ရသည် တွင် ဘုရင်ကြီး၏ သုန်မှုန်နေသော မျက်နှာ ရွှင်လန်းသွားသည် ။ ရွှေတလောင်းထဲမှ သေရည်ကို ရွှေခွက်တွင် ထည့် တပ်မက်စွာ မော့သောက်သည် ။ အိမ်ရှေ့မင်းသားက စဉ်းလဲသောအပြုံးဖြင့် ကြည့်နေစဉ် မိဖုရားကြီးကား ထိတ်လန့်တုန်လှုပ်နေပေသည် ။

ရွှေခွက်ကို သုံးကြိမ်ထိ မော့သောက်ပြီးချိန်တွင် -

အိမ်ရှေ့မင်းသားက အတွင်းထဲသို့ ခြေဟန်လက်ဟန် ပြလိုက်သည် ။ တီးလုံးပြောင်းသွားပြန်သည် ။ ဒိုးချက်သည် လည်း ချွတ်နင်းဒိုးချက်။

"မှော်ရုံဟောဝန် ... တောမြိုင်စွန်" တေးသွား။

သမင်လိုက်အကကို အိမ်ရှေ့မင်းသားက ဘုရင့်ရှေ့တော်မှောက်သို့ တင်ဆက်လိုက်ခြင်း ဖြစ်သည် ။ သမင်လိုက် မုဆိုးသည် ဒိုးဆစ် အနေ့း အမြန်အလိုက် လေးကောက်ဖြင့် သမင်ကို လိုက်သည် ။ သမင်ငယ်က လေးကောက်ကို ကျွမ်းကျင်စွာ တိမ်းရှောင်လှည့်ပတ်သည် ။

မုဆိုးနှင့် သမင်တို့ သည် ပူးကပ်လျက်၊ ဖယ်ခွာလျက်၊ လှည့်ပတ်လျ က်။

သေရည်ဖြင့် ရွှင်လန်းသော ဘုရင်ကြီးသည် သမင်လိုက်အကကို ကြ ည့်ရင်း သလွန်မှ မတ်တတ်ရပ်လိုက်သည် ။ စောစောက အုံ့ဆိုင်းညို့မှို င်းသော အသွင်တို့ မရှိကြတော့ပြီ။ သမင်လိုက်မုဆိုး၏ လှုပ်ရှားမှုများ ကို ရီဝေသော မျက်လုံးများ ဖြင့် အားပါးတရကြည့်ရင်း ကောင်းချီးပေး နေသည် ။

ကျွမ်းကျင်ပါးနပ်သော သမင်ငယ်၏ တိမ်းရှောင်မှုကြောင့် မောဟို က်နေသော မုဆိုးကိုကြည့်ရင်း ဘုရင်ကြီး အားမလို အားမရ ဖြစ်လာနေ သည် ။

တီးလုံးကား "အို ... နန်းရွှေချိုင့်လျောင် ထားရအောင် စွန်တောင်စကြာလေးတော်ကိုင်ကာ" အပိုဒ်သို့ ရောက်နေပေပြီ။

သေရည်မူးယစ်ခဲ့ပြီဖြစ်သော ဘုရင်ကြီးသည် သဥ္ဇာလီအနီးတွင် ရပ်ကြည့်နေရာမှ ရုတ်တရက် မုဆိုးလက်ထဲမှ လေးကောက်ကို

ဆွဲလုပြီး သမင်ငယ်ကို အရှိန်ပြင်းစွာ ရိုက်လိုက်သည် ။ မုဆိုးအဖြစ် ဖျော်ဖြေရသူ၊ သမင်ငယ်အဖြစ် ဖျော်ဖြေရသူ နန်းတွင်းသားနှစ်ယောက် အထိတ်ထိတ် အလန့်လန့်ဖြင့် ထွက်ပြေးပျောက်ကွယ်သွားကြသည် ။ ဘုရင်ကြီးသည် ညှို့ကြိုးမပါသော လေးကောက်ကို ကိုင်ရင်း ဟက်ဟက်ပက်ပက် ရယ်မောနေလေသည် ။ ထို့နောက် ညီတော်အိမ်ရှေ့မင်းသားဘက်သို့ လှည့်၍ လေးကောက်ကိုပြသည် ။ အိမ်ရှေ့မင်းသားသည် ကျိုးနွံရိုသေလွန်းသော အမူအရာဖြင့် နောက်လိုက်တစ်ဦးထံမှ ဘုရင်ကြီး ကိုင်ဆောင်နေကျ လေးတော်ကို ယူ၍ ဘုရင်ကြီးကို ဆက်သလိုက်သည် ။ ဤလေးကား ညှို့ကြိုး၊ မြားတံအစုံအလင်ပါသော ဘုရင်ကြီး တောကစားထွက်သည့် တကယ့် လေးစင်စစ်။

လေးကြီးကို ကိုင်မြှောက်ရင်း လက်ကို ဆန့်တန်းကြုံးဝါးလိုက်သော ဘုရင်ကြီးကို မိဖုရားကြီးက ခြေဖက်၍ တောင်းပန်နေသည် ။ ညီတော်အိမ်ရှေ့မင်းသားက ရတနာခုနစ်ပါး စီခြယ်သော မြားကျည်တောက်ကို ငယ်ကျွန်ထံမှ ယူ၍ ဘုရင်ကြီးကို ဆက်ပြန်သည် ။ မြားကျည်တောက်ကို လွယ်လျက်၊ လေးကိုစွဲကိုင်လျက် သေရည်၏ အရှိန်အဝါဖြင့် တောကစားထွက်အံ့သော ဘုရင်ကြီးကို မိဖုရားကြီးက ပို၍ တင်းကျပ်စွာ ခြေကိုဖက် တောင်းပန်ပြန်သည် ။

ဘုရင်ကြီးသည် မိဖုရားကြီးကို စူးစူးဝါးဝါး ငုံ့ကြည့်ရင်း ခြေထောက်ကို ကြမ်းတမ်းစွာ ရုန်းဖယ်လိုက်သည် ။ ထို့နောက် လေးကိုင်ထားသော လက်ဖြင့်ပင် ဝေးလံသော တောအုပ်ဆီသို့ ညွှန်ပြကာ တက်ကြွစွာဖြင့် ထွက်ခွာသွားလေသည် ။

အိမ်ရှေ့မင်းသားလည်း တဟားဟား အော်ဟစ်ရယ်မောလျက် နန်းတော်ဆောင်ထဲမှ ထွက်ခွာသွားသည် ။ မိဖုရားကြီးကား

သဉ္ဇာလီခြေရင်းတွင် အရုပ်ကြိုးပြတ် လဲကျသွားလေသည် ။

ဒုတိယပိုင်းအဆုံး အတွင်းကားလိပ် တအိအိကျနေချိန် ဝယ်ဆိုင်းဝိုင်းမှ "ခွဲခွဲခြားခြား၊ လားလားမုန်းထား၊ ကျွန်မမှာ မိန်းမသား ကြိုးကို နှဲကြီးနှင့် ပတ်ဝိုင်းတွဲလျက် လေးတွဲ့ဆွတ်ပျံ့စွာ တီးနေပေသည် ။

***